မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်၊ ၂၀၁၀ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက်၊ စနေနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၁၅)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယဗိုလ်ချုပ်ကြီးသာအေး မဆွမ်ဇွပ်တံတား ကြံ့ခိုင်မှုကြည့်ရှု ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်)ပင်မဆောင် တည်ဆောက်မှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၁၈ရက် နံနက်ပိုင်းက မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း ပူတာအိုမြို့နယ် မခိုရန်ရွာအနီး၌ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ် (၁၈၅/၄)မှ (၁၈၅/၆)အထိ လမ်းလုပ်ငန်းဆောင်ရွက်နေမှု၊ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းရှိ မဆွမ်ဇွပ်တံတားကြံ့ခိုင်မှု၊ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် မဆွမ်ဇွပ်ကျေးရွာ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✱

ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် မိုင်းရှူးနှင့် တန့်ယန်းမြို့များ၌ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၂၀ရက် နံနက် ၁၁နာရီက မိုင်းရှူးမြို့နယ်ရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိဖြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး အဝတ်အထည်နှင့် သုတစုံစာစောင်များကို ပေးအပ်ကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ❍

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာဘာသာရပ်များ နေ့စဉ်ဖော်ပြမည်

နေပြည်တော် ဇန်နဝါရီ ၂၂

၂၀၁၀ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာမေးပွဲအထောက်အကူပြု ဘာသာရပ်များကို ဇန်နဝါရီ ၂၄ရက်မှ စ၍ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် နေ့စဉ် ဖော်ပြသွားမည်ဖြစ်ပါသည်။

၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာဘာသာရပ်များ နေ့စဉ်ဖော်ပြမည့်အစီအစဉ်

စဉ်	ဘာသာရပ်	ဖော်ပြမည့်နေ့
၁	မြန်မာစာ	၂၄-၁-၂၀၁၀
၂	စိတ်ကြိုက်မြန်မာစာ	၂၅-၁-၂၀၁၀
၃	အင်္ဂလိပ်စာ	၂၆-၁-၂၀၁၀
၄	သင်္ချာ	၂၇-၁-၂၀၁၀
၅	ဓာတုဗေဒ	၂၈-၁-၂၀၁၀
၆	ရူပဗေဒ	၂၉-၁-၂၀၁၀
၇	ဇီဝဗေဒ	၃၀-၁-၂၀၁၀
၈	ပထဝီဝင်	၃၁-၁-၂၀၁၀
၉	သမိုင်း	၁-၂-၂၀၁၀
၁၀	ဘောဂဗေဒ	၂-၂-၂၀၁၀

သာယာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ဟိုင်းကြီးကျွန်း၏ ဖွံ့ဖြိုးတိုးတက်မှု မြင်ကွင်းအပိုင်းပိုင်း

နေပြည်တော် ဇန်နဝါရီ ၂၂

ဟိုင်းကြီးကျွန်းသည် ဧရာဝတီတိုင်း လပွတ္တာခရိုင် လပွတ္တာမြို့နယ်၏ မြို့တစ်မြို့ဖြစ်သည်။ ဟိုင်းကြီးကျွန်းသည် ဘင်္ဂလားပင်လယ်အော်၏ဝင်ပေါက် ကမ်းရိုးတန်းဒေသတစ်ခုဖြစ်သည်။ ဟိုင်းကြီးကျွန်းတွင် ရပ်ကွက်သုံးခုနှင့် ကျေးရွာအုပ်စု ၂၂အုပ်စု၊ ကျေးရွာ ၁၀၀ဖြင့် ဖွဲ့စည်းထားပြီး အလျား ငါးမိုင်၊ အနံ သုံးမိုင်ရှိသော ကျွန်းကြီးဖြစ်သည်။

စာမျက်နှာ ၆ ကော်လံ ၁ ❒

သတင်းဆောင်းပါးနှင့်
ဓာတ်ပုံမှတ်တမ်း
ကိုတင်လှိုင် (မိတ္ထီလာ)

စာမျက်နှာဖွဲ့စည်းမှု
မိုးမိုးအောင်(မြန်မာ့အလင်း)

ဟိုင်းကြီးကျွန်း ပြင်ခရိုင် ကျောက်ကလပ် အထက ဆောက်လုပ်ပြီးစီးမှု အခြေအနေကို ဤသို့တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း - ကိုတင်လှိုင် (မိတ္ထီလာ)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၃ ရက်)

မဲခေါင်ဒေသ ခြောက်နိုင်ငံစည်းလုံးမှုဖြင့် လူကုန်ကူးမှုပြဿနာကို ပူးပေါင်းဆောင်ရွက်နိုင်

သတ္တမအကြိမ် မဲခေါင်ဒေသတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို ပုဂံမြို့ ရွှေနန်းတော်ဟိုတယ်၌ ဇန်နဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပခဲ့သည်။ မဟာမဲခေါင်ဒေသတွင်း ခြောက်နိုင်ငံဖြစ်သော ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာမူဝါဒ၊ တားဆီးကာကွယ်ရေး၊ ပြစ်ဒဏ်ချမှတ်ရေး၊ လူကုန်ကူးခံရသူများအား စောင့်ရှောက်ရေး ကဏ္ဍများတွင် များစွာတိုးတက်ခဲ့ပြီး ထင်ရှားသည့်သာဓကမှာ မြန်မာနိုင်ငံသည် မဲခေါင်ဒေသတွင်းနိုင်ငံများအနက် ပထမဆုံးလူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ထုတ်ပြန်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။

ယင်းဥပဒေသည် နိုင်ငံတကာစံချိန်စံညွှန်းများ၊ ပလာမိုပရိုတိုကောတို့နှင့်အညီ ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံသည် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အထူးရဲတပ်ဖွဲ့များ ဖွဲ့စည်းသည့် ပထမဆုံးနိုင်ငံလည်းဖြစ်သည်။

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေများကို အဖွဲ့ဝင်နိုင်ငံအားလုံးနီးပါး၌ ပြဋ္ဌာန်းခဲ့ကြပြီးဖြစ်သည်။ လူကုန်ကူးသူများသည် ကွန်ရက်များ ထူထောင်၍ ဂိုဏ်းဖွဲ့ကျူးလွန်နေကြရာ ယင်းကွန်ရက်များကို မဲခေါင်ဒေသတွင်းနိုင်ငံများက ကောင်းစွာတုံ့ပြန်နိုင်ခဲ့ကြသည်။

နှစ်စဉ် ထောင်ပေါင်းများစွာသောအမျိုးသား၊ အမျိုးသမီးများသည် လုပ်အားခေါင်းပုံဖြတ်ရန်အတွက် လူကုန်ကူးခံရခြင်း၊ အမျိုးသမီးငယ်များသည် လိင်မှုဆိုင်ရာခေါင်းပုံဖြတ်ရန် လူကုန်ကူးခံရခြင်း၊ ကလေးသူငယ်များသည်လည်း အစေခံသူတောင်းစားပြုရန် လူကုန်ကူးခံရခြင်းတို့ကြောင့် နိုင်ငံတကာအစိုးရများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်လိုကြောင်းကို ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူးက အစည်းအဝေး၌ ပြောကြားခဲ့သည်။

ဤကဲ့သို့ မဲခေါင်ဒေသ ခြောက်နိုင်ငံလက်တွဲ၍ လူကုန်ကူးမှုပြဿနာကို ပူးပေါင်းတိုက်ဖျက်ရန် သန္နိဋ္ဌာန်ချမှတ်ချက်နှင့်အညီ ကွန်ရက်များ ထူထောင်၍ ဂိုဏ်းဖွဲ့ကျူးလွန်မှုများကိုတုံ့ပြန်နိုင်ခဲ့ခြင်းသည် ဒေသတွင်းနိုင်ငံအချင်းချင်း စည်းလုံးညီညွတ်မှု၊ အပြန်အလှန်နားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့်ဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

ဒစ်ဂျစ်တယ်အော်တိုတယ်လီဖုန်း အိတ်ချိန်းသစ်ဖွင့် တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက်အားပေး

နေပြည်တော် ဇန်နဝါရီ ၂၂

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းသည် ဇန်နဝါရီ ၁ရက် နံနက် ၉နာရီတွင် ပေါင်မြို့နယ် မုတ္တမမြို့ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး တာဝန်ရှိသူတို့က ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များက ဒစ်ဂျစ်တယ်အော်တို အိတ်ချိန်းသစ်နှင့် စက်တပ်ဆင် အသုံးပြုနေမှုကိုလှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပြနှင့်ကျေးလက် အချိုးညီ ဖွံ့ဖြိုးတိုးတက်စေရန် ဆည်ကြီး-သင်ပန်းကုန်းကျေးလက် ကျောက်ချောလမ်းခင်းနေမှုကို အငယ်တန်း အင်ဂျင်နီယာ(၂) (မြို့ပြ) ဒေါ်ညီညီရီ ကြီးကြပ်ဆောင်ရွက်စဉ်။
(သတင်းစဉ်)

ဆက်လက်၍ တိုင်းမှူးသည် ပေါင်မြို့နယ် ဇင်းကျိုက်မြို့ ဒစ်ဂျစ်တယ်အော်တိုတယ်လီဖုန်း အိတ်ချိန်း သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ တာဝန်ရှိသူတို့က ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များက ဒစ်ဂျစ်တယ်အော်တို အိတ်ချိန်းသစ်ကို လှည့်လည်ကြည့်ရှုကြသည်။

ဖွင့်လှစ်ပေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် ပေါင်မြို့ ဒစ်ဂျစ်တယ်အော်တိုတယ်လီဖုန်း အိတ်ချိန်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ တာဝန်ရှိသူတို့က ဒစ်ဂျစ်တယ်အော်တို အိတ်ချိန်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ် ပေးကြပြီး တိုင်းမှူးက ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ **(အပေါ်ပုံ)** ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းသစ်နှင့် စက်တပ်ဆင်အသုံးပြုနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္ဂနွေနေ့-နံနက်+နေ့လယ်+ည)
၂၄-၁-၂၀၁၀

- ၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
- ၇:၀၅ တရားတော် **(ပုဗ္ဗဏှသုတ်)** ဓမ္မပူဇာတေးပဒေသာ
- ၇:၃၀ (၃၈)ဖြာမင်္ဂလာ
- ၇:၃၅ နံနက်ခင်းတေးပဒေသာ
- ၈:၀၀ စံတော်ချိန် + သတင်းဆောင်းပါး
- ၈:၁၀ နံနက်ခင်းတေးပဒေသာ
- ၉:၃၀ ဘဝအသွင်ကဗျာ့အမြင် (ခေါင်းဆောင်ဟူသည်) တေးပဒေသာ
- ၉:၄၅ ဘဝတစ်ကွေ့ အတွေ့အကြုံ (နှလုံးသားအတွက် အကောင်းဆုံးဟင်းတစ်ခွက်)
- ၁၀:၀၀ မင်္ဂလာလက်ဆောင်
- ၁၀:၂၅ သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ (သန့်စွမ်းကျန်းမာ စိတ်နဲ့ခန္ဓာ) သတင်းစာအာဘော်
- ၁၀:၃၀ တေးစီးရီး(လမ်းပျောက်- ကေကေတီ၊ ချမ်းချမ်း)
- ၁၁:၀၀ နေ့လယ်ခင်းသတင်း
- ၁၁:၁၀ ဆိုကြပျော်ရွှင်တေးသံစဉ်(၆၃)
- ၁၂:၀၀ စံတော်ချိန် ကလေးအစီအစဉ် (ကလေးများအတွက်ပုံပြင်-ပျားဘုရင်မရဲ့နောင်တ)
- ၁၂:၁၅ နေ့လယ်ခင်းတေးပဒေသာ
- ၁၂:၃၀ စာအုပ်စာပေလူ့မိတ်ဆွေ
  - ၁။ ကျွန်းမြသာ သုတရသစုံမဂ္ဂဇင်း သာကေတမြို့နယ်
  - ၂။ YOUTH မဂ္ဂဇင်း (ဇန်နဝါရီ ၂၀၁၀)
- ၁၂:၅၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၃:၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃:၁၀ သိလိုသမျှမေး ကျန်းမာရေး
- ၁၃:၂၀ တေးပဒေသာ
- ၁၃:၃၀ အစီအစဉ်ပြီး၏။
- ၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆:၂၀ ဆောင်းပါး
- ၁၆:၃၀ သောတရှင်လိုရာတေး
- ၁၇:၀၀ မြတ်နိုးစရာကျေးရွာတေးကဗျာ
- ၁၇:၂၅ သတင်းစာဆောင်းပါး
- ၁၇:၃၀ ညနေခင်းတေးပဒေသာ
- ၁၈:၀၀ ညနေခင်းသတင်း
- ၁၈:၁၀ တေးချစ်သူရွေးသီ တေးပန်းချီ
- ၁၈:၃၀ သုတစုံကြွယ်သိစေဖွယ် ကမ္ဘာ့ထူးခြား မှတ်တမ်းများ (အပိုင်း-၁)
- ၁၈:၄၅ တေးပဒေသာ
- ၁၉:၀၀ နိုင်ငံတကာသတင်း
- ၁၉:၁၀ Talk on Line(နေရဲမာန်) နိုင်ငံရေးဦးတည်ချက်
- ၁၉:၃၀ တေးပဒေသာ
- ၂၀:၀၀ ပြည်တွင်းသတင်း
- ၂၀:၂၀ ဖျော်ဖြေသီကြွေးသူ့အလှည့်တေး (ဗညားဟန်) စီးပွားရေးဦးတည်ချက်
- ၂၀:၄၀ လယ်ယာစီးပွား (သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်း)
- ၂၀:၅၀ တေးပဒေသာ လူမှုရေးဦးတည်ချက်
- ၂၁:၀၀ ရင်တွင်းခံစားတေးသီချင်းများ (ရဲထိုက်)
- ၂၁:၁၅ ညချမ်းချိန်ခါတေးပဒေသာ
- ၂၁:၃၀ ခေတ်မရွေးသောတေး
- ၂၂:၀၀ အစီအစဉ်ပြီး၏။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂၃-၁-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၅ ၇။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၅ ၂။ အဖွင့်သီချင်း
- ၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **လပြည့်ညရဲ့ စိန်ခေါ်သံ** (အပိုင်း-၁၇)
- ၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **ချစ်သူရဲ့ပခုံးတစ်ဖက်** လွင်မိုး၊ ပြေတီဦး၊ နဝရတ်၊ ချစ်စနိုးဦး ဒါရိုက်တာ-ကိုဇော်(အရဏ်ဦး)
- ၁၃:၃၀ ၆။ ကျန်းမာသုတ
- ၁၄:၀၀ ၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၂)

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ့
- ၄:၂၀ ၄။ မြန်မာသံစဉ် ချိုနားဝင်
- ၄:၃၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၃၅ ၆။ အမျိုးသားရေးတေးကဗျာ
- ၅:၀၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၄၀ ၈။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၁။ လျှပ်တစ်ပြက်
- ၆:၃၀ ၁၂။ **စားဖိုဆောင်ချစ်သူ**
- ၆:၄၅ ၁၃။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သူမေတ္တာ** (အပိုင်း-၁၃)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ အင်္ဂလိပ်စာသုတ
- ၂၀။ လူရွှင်တော်စတား
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင် ဇာတ်လမ်း **အရဏ်ဦးအချစ်** (အပိုင်း-၂၄)

ဗိုလ်တထောင်မြို့နယ် ဗိုလ်မြတ်ထွန်းလမ်း အမှတ် ၂၁၉ (၆)လွှာနေ သားဒေါက်တာထွန်းလတ်အောင်၊ ဒေါက်တာမို့မို့မင်း၊ မြေး မောင်လှိုင်မင်းဟန်၊ မခိုင်ဆုဝေမိသားစုက မိခင်ကြီး ဒေါ်ကျင်စိန်အားရည်စူး၍ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေးနှင့် အဖွဲ့ဝင် ဦးမောင်မောင်အောင်တို့က လက်ခံယူကြစဉ်။
(ကင်ဆာဖောင်ဒေးရှင်း)

* ရှေ့ဖုံးမှ

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဆွမ်ပရာဘွမ်မြို့နယ် မိုင်တိုင်အမှတ်(၁၅၆/၆)နှင့် (၁၅၆/၇) အကြား လမ်းလုပ်ငန်းဆောင်ရွက်နေမှုများ၊ မိုင်တိုင်အမှတ်(၁၄၇/၇)၌ လမ်းတိုးချဲ့ဖောက်လုပ်နေမှု၊ ဖုန်အင်တံတား၏ ကွဲ့ခိုင်မှုနှင့် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပိုင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဒုတိယ ဗိုလ်ချုပ်ကြီးသာအေးသည် မွန်းလွဲပိုင်းတွင် ဆွမ်ပရာဘွမ်မြို့နယ်ခန်းမ၌ မြို့နယ်မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံ တိုင်းရင်းသားများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြားကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဆွမ်ပရာဘွမ်မြို့ မြို့နယ်ပြည်သူ့ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးပဒေသာပင်အတွက် အလှူလမ်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

အောင်မြင်ဖြစ်ထွန်း

ဒုတိယ ဗိုလ်ချုပ်ကြီးသာအေးသည် တိုင်းမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၁၉ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့နယ် မော်ဖောင်းကျေးရွာအုပ်စုရှိ ရော်ဘာစိုက်ခင်းနှင့် ပိုင်းမော်မြို့နယ် နမ်ဆန်ယန်ကျေးရွာအုပ်စု ခလားရွာရှိ နှစ်ရှည်သီးနှံနှင့် အောင်မြင်ဖြစ်ထွန်းနေသော ရော်ဘာပင်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မိုးကောင်းမြို့နယ် ခါ့လားယန်ကျေးရွာအနီး လမ်းပြုပြင်ထိန်းသိမ်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် ဒေါ့ဖုန်းယန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

အလှူငွေပေးအပ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ဒေါ့ဖုန်းယန်မြို့ နယ်စပ်တိုင်းရင်းသားများအား တွေ့ဆုံပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးကာ မြို့သစ်ကျေးရွာအနီးရှိ အောင်မြင်ဖြစ်ထွန်းနေသည့် နွေစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ညနေပိုင်းတွင် ဗန်းမော်-မြစ်ကြီးနားကားလမ်းဘေးရှိ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ကွန်ပျူတာတက္ကသိုလ် (ဗန်းမော်) သုံးထပ်ပင်မဆောင် တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများက ကျောင်းဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယ ဗိုလ်ချုပ်ကြီးသာအေးသည် ပင်မသုံးထပ်ဆောင် တည်ဆောက်နေမှုနှင့် တည်ဆောက်ပြီး စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးသာအေး မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း၌ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ကွန်ပျူတာတက္ကသိုလ် (ဗန်းမော်) သုံးထပ်ပင်မဆောင် တည်ဆောက်နေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ငွေများပေးအပ်၍ ဆွမ်ပရာဘွမ်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဒေသခံများနှင့်တွေ့ဆုံ

ယင်းနောက် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဆွမ်ပရာဘွမ်မြို့နယ် ခဂရန်ကျေးရွာ ရှင်းလင်းဆောင်၌ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံသည်။

ဆက်လက်၍ မိုင်တိုင်အမှတ်(၇၆/၄) နှင့် မိုင်တိုင်အမှတ်(၉၃/၀)မှ (၅၃/၀)အထိ ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေး လုပ်ငန်းပညာသင်တန်းကျောင်း၌ ဒေသခံ တိုင်းရင်းသူများ၏ စက်ချုပ်နှင့် ဓာတိုးပန်းထိုးပညာရပ်များ သင်ကြားလေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းသူများအတွက် အလှူငွေများကို ပေးအပ်သည်။

ယင်းနောက် ကုန်းနှော-မခွယ်ကျေးရွာ ချင်းဆက်လမ်းကို မော်တော်ယာဉ်ဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေး၍ မိုးမောက်မြို့နယ် မခွယ်ကျေးရွာ၌ ဒေသခံ

ကိုယ့်အားကိုယ်ကိုး ကျေးလက်တံတားဖွင့်

မိုးညှင်း ဇန်နဝါရီ ၂၂

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် မော်တန်ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး လေးတန်ချောင်းကူးတံတား ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ရက် နံနက်က အဆိုပါ လေးတန်ချောင်းကူးတံတားထိပ်မုခ်ဦး၌ ကျင်းပသည်။ အခမ်းအနားသို့ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးအေးမင်းသိန်း၊ မိုးညှင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်စိုးနှင့် အဖွဲ့ဝင်များ၊ မိုးညှင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းနှင့် ဝန်ထမ်းများ၊ မော်တန်ကျေးရွာမှ ရှမ်း၊ ကချင် တိုင်းရင်းသားရိုးရာ အဖွဲ့အစည်းများ၊ ဘင်ခရာအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ တက်ရောက်ကြသည်။

(မြို့နယ်စည်ပင်)

ဘဏ္ဍာ/အခွန်ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား ကမ္ဘာ့အကောက်ခွန်အဖွဲ့၏ အတိုင်ပင်ခံအရာရှိတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၂

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား ကမ္ဘာ့အကောက်ခွန်အဖွဲ့၏ အတိုင်ပင်ခံအရာရှိနှင့် ကမ္ဘာ့အကောက်ခွန်အဖွဲ့ လေ့လာဆန်းစစ်ချက် စစ်တမ်းကောက်ယူရေးအဖွဲ့ခေါင်းဆောင် Mr. Leonardo Correia Lima Macedo ဦးဆောင်သောအဖွဲ့သည် ဇန်နဝါရီ ၂၁ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ၍ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(အောက်ပုံ)**

တက်ရောက်

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံသောင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာဘီဒီဂေးလ်ဘတ်ကိုရီအား ခန့်အပ်ရန်သဘောတူ

နေပြည်တော် ဇန်နဝါရီ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော နယူးဇီလန်နိုင်ငံ သံအမတ်ကြီး ဒေါက်တာဘာရာဘာရိန်တန်၏နေရာတွင် မစ္စတာဘီဒီဂေးလ်ဘတ်ကိုရီအား ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည်။

တာဝန်ထမ်းဆောင်လျက်ရှိ

မစ္စတာဘီဒီဂေးလ်ဘတ်ကိုရီသည် ၁၉၆၄ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် မွေးဖွားခဲ့ပြီး ဝယ်လင်တန်ရှိ ဗစ်ကတ်တိုးရီးယားတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့(ဂုဏ်ထူးတန်း)ကို ရရှိခဲ့သည်။ ၄င်းသည် ၁၉၈၉ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဥရောပဌာနခွဲ၌ အလုပ်စတင်ဝင်ရောက်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်မှ ၁၉၉၁ ခုနှစ်အထိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနတွင်လည်းကောင်း၊ ၁၉၉၂ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ ကင်ဘာရာမြို့၌ ဒုတိယအတွင်းဝန်နှင့် ပထမအတွင်းဝန်အဖြစ်လည်းကောင်း၊ ၁၉၉၅ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ စီးပွားရေးနှင့် ကုန်သွယ်မှုညှိနှိုင်းရေးဌာနခွဲတွင်လည်းကောင်း၊ ၁၉၉၆ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ နိုင်ငံခြားရေးရာနှင့် ကုန်သွယ်ရေးဌာနဝန်ကြီး၏ ကိုယ်ရေးအတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၄ ခုနှစ်အထိ ဝါရှင်တန်ဒီစီတွင် သံမှူးအဖြစ်လည်းကောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ အုပ်ချုပ်ရေးမှူးချုပ်ရုံးအဖွဲ့တွင် ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း အသီးသီးတာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ၂၀၀၆ခုနှစ်မှ စတင်၍ သြစတြေးလျဌာနခွဲတွင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီလထုတ် တေဇရုပ်စုံစာစောင် ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၂

အမက(၁)ဗဟန်း ကျောင်းသားကျောင်းသူလေးများ၏ "စည်းကမ်းလိုက်နာဘေးကင်းကွာ" ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ မျက်နှာဖုံးဓာတ်ပုံနှင့်အတူ ကိုကိုခန့်ချော(ကသာမြေ)၊ သိပ္ပံစိုးမြင့်နိုင်တို့၏ ပြည်ထောင်စုနေ့ ဂုဏ်ပြုကဗျာများ၊ တင်အောင်နီ၊ မောင်ရွှေဝင်း၊ ဆွေချစ်၊ မောင်မောင်ညွှက်၊ ရွှေကိုဦး၊ ကျော်ထွဏ်းတို့၏ တေဇအရွယ် ကလေးငယ်တို့အတွက် ပညာပေးလက်ရာမြောက် ကာတွန်းများ မင်းထွန်းဦးနှင့် မောင်မိုးတို့၏ ဆောင်းပါးများ၊ အေးမြဆွေ(သတ္တဗေဒ)၏ ပုံပြင်ရှည်၊ Waddi Oo ၏ English for Tayza' ကဏ္ဍ၊ စိုးဆက်၏ 'အဖြေညှိစရာ ပဟေဠိပါ'၊ ကလေးတို့၏ အတွေး၊ အရေး၊ ကဗျာတိုလေးများကို အားပါးတရ ဖတ်ရှုကြရမည်ဖြစ်ပြီး တေဇရုပ်စုံ စာစီစာကုံးဆုရ စာရင်းများနှင့် ပထမဆုရ ကျောင်းသူလေး မဝတ်ရည်နှင်း၏ ဆုရစာစီစာကုံးပါရှိသည်။

ဝယ်ယူဖတ်ရှုနိုင်

တေဇရုပ်စုံစာစောင်ကို အမှတ် ၁၈၁ ၃၂လမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄နှင့် အမှတ် ၁၅ တပ်မြေ မိုးကောင်းဘုရားလမ်း ၁၅ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ဖုန်း-၅၅၉၂၇၃တို့သို့ မှာကြားဝယ်ယူ ဖတ်ရှုနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ညီလာခံကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၂

အကြိမ်(၃၀)မြောက် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းညီလာခံနှင့် 11th FDI-MDA Joint Educational Meeting ကို ဇန်နဝါရီ ၂၇ရက်မှ ၃၀ရက်အထိ ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ Sedona Hotel (Bahan Room)၌ ကျင်းပမည်ဖြစ်သည်။ အခမ်းအနားသို့တက်ရောက်လိုသည့် သွားနှင့်ခံတွင်းဆရာဝန်များသည် ဇန်နဝါရီ ၂၅ရက်နှင့် ၂၆ရက် နံနက် ၉နာရီမှ မွန်းလွဲ ၂နာရီအတွင်း အဆိုပါဟိုတယ် (Bahan Room)၌ လာရောက်ကြိုတင် မှတ်ပုံတင်စာရင်းပေးသွင်းနိုင်သည်။ ညီလာခံတွင် စာတမ်းဖတ်ပွဲများ၊ သက်ကြီးပူဇော်ပွဲ၊ အားကစားပြိုင်ပွဲ၊ (၁၆)ကြိမ်မြောက် ဗဟိုအလုပ်အမှုဆောင်ကော်မတီသစ် ရွေးချယ်တင်မြှောက်ပွဲ၊ ညစာစားပွဲ၊ ဆေးကုမ္ပဏီပြခန်းနှင့် အရောင်းဆိုင်များ ပါဝင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

မီးအိမ်တပ်ဆင်

တရုတ်နိုင်ငံ ရှန်တုံပြည်နယ် ရှုရှန်မြို့ရှိ လက်မှုပစ္စည်းအလုပ်ရုံ၌ အလုပ်သမားများက မီးအိမ်ကြီးတစ်ခု ပြုလုပ်တပ်ဆင်နေသည်ကို ဇန်နဝါရီ ၂၀ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်စရေးငြင်းဆိုနေမှု
အစ္စရေးဝန်ကြီးချုပ် ဝေဖန်ပြောကြား

ဂျေရုဆလင် ဇန်နဝါရီ ၂၂

အသိမ်းပိုက်ခံ ပါလက်စတိုင်းနယ်မြေများအတွင်း အစ္စရေးတို့အခြေချအိမ်ရာ ဆောက်လုပ်မှုများရပ်ဆိုင်းရန် တောင်းဆိုပြီးနောက် ယင်းသို့ တောင်းဆိုမှု မရပ်ဆိုင်းသမျှ ငြိမ်းချမ်းရေးဆွေးနွေးပွဲပြန်စရန် ငြင်းဆိုနေမည်ဖြစ်ကြောင်း ပါလက်စတိုင်း ယာယီသမ္မတ မာမွတ်အဘာတ်စ်အား အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ဝေဖန်ပြောကြားလိုက်သည်။

ပါလက်စတိုင်းတို့သည် တောင်းဆိုချက်များတစ်ခုပြီးတစ်ခု တောင်းဆိုနေကြကြောင်းဖြင့်လည်း အစ္စရေးဝန်ကြီးချုပ်က ဇန်နဝါရီ ၂၀ရက်တွင် ပြောကြားသည်။

ငြင်းဆို

ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်စရန် အမေရိကန်သမ္မတ အိုဘားမား၏ အထူးသံတမန် ဂျော့မစ်ချဲ စီစဉ်နေစဉ်အတွင်း မာမွတ်အဘာတ်စ်၏ ငြင်းဆိုနေမှုအပေါ် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ယီမင်သို့ ဆော်ဒီတို့ လေကြောင်းမှတိုက်ခိုက်

ဆာနား ဇန်နဝါရီ ၂၂

ယီမင်နိုင်ငံ မြောက်ပိုင်းဒေသများသို့ ဆော်ဒီဂျက်တိုက်လေယာဉ်များက ထပ်မံ၍ လေကြောင်းမှ တိုက်ခိုက်ခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာက ဇန်နဝါရီ ၂၁ရက်တွင် သတင်းထုတ်ပြန်သည်။

ယင်းတိုက်ခိုက်မှုကြောင့် နေအိမ်များ ပျက်စီးခဲ့ပြီး လူပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရကြောင်း ယင်းသတင်း၌ ဖော်ပြသည်။

(အင်တာနက်)

ပထမဆုံး နိုင်ငံတကာရုပ်ရှင်ပွဲတော် ကမ္ဘောဒီးယား၌ ကျင်းပမည်

ဖနောင်ပင် ဇန်နဝါရီ ၂၂

ကမ္ဘောဒီးယားအစိုးရအနေဖြင့် နိုင်ငံ၏ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးကို ရည်ရွယ်လျက် ပထမဆုံး နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို ယခုနှစ်တွင်ကျင်းပရန် စီစဉ်ထားကြောင်း ကမ္ဘောဒီးယားသတင်းဌာနက ဇန်နဝါရီ ၂၂ရက်တွင် ထုတ်ပြန်ကြေညာသည်။

အဆိုပါ ရုပ်ရှင်ပွဲတော်ကို ၂၀၁၀ခုနှစ် အောက်တိုဘာ တတိယပတ်တွင် ကျင်းပမည်ဖြစ်သည်ဟု ယဉ်ကျေးမှုဝန်ကြီး ဆွမ်ဆိုကွန်၏ပြောကြားချက်ကို ကိုးကား၍ တရုတ်ဘာသာဖြင့်ထုတ်ဝေသော ကျန်ဟွာသတင်းစာက ရေးသားဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရန်နိုင်ငံ၏ ရေနံနှင့်ဓာတ်ငွေ့ကဏ္ဍ ပြည်ပကုမ္ပဏီများ ရင်းနှီးမြှုပ်နှံ

တီဟီရန် ဇန်နဝါရီ ၂၂

ပြည်ပကုမ္ပဏီများက အီရန်၏ သဘာဝဓာတ်ငွေ့နှင့် ရေနံကဏ္ဍတွင် အမေရိကန်ဒေါ်လာဘီလီယံ၂၀ခန့် ရင်းနှီးမြှုပ်နှံမည့် အဆိုပြုကမ်းလှမ်းချက်များကို အီရန်အစိုးရက ရရှိထားကြောင်း အီရန်ရေနံဝန်ကြီးက ဇန်နဝါရီ ၂၁ရက်၌ ကြေညာသည်။

ပြောကြား

မိမိတို့အနေဖြင့် စိတ်ဝင်စားသည့် ပြည်ပကုမ္ပဏီများနှင့်သဘောတူညီခဲ့ပါက ရေနံနှင့်ဓာတ်ငွေ့ကဏ္ဍတွင် ပြည်ပမှရင်းနှီးမြှုပ်နှံမှုသည် ဖော်ပြပါပမာဏထက်ကျော်ဖွယ်ရှိသည်ဟု ရေနံဝန်ကြီး မာဆွတ် မာကာဇီမီက တီဟီရန်တွင် ကျင်းပသည့် နိုင်ငံတကာ ရေနံနှင့်သဘာဝဓာတ်ငွေ့ ညီလာခံရပ်နားချိန်တွင် ပြောကြားသည်။

ရင်းနှီးမြှုပ်နှံ

ပြည်ပကုမ္ပဏီများအနေဖြင့် ဘဏ္ဍာငွေကြေးဖြင့်ဖြစ်စေ၊ သို့မဟုတ် ပြန်ဝယ်စနစ်ဖြင့်ဖြစ်စေ ရင်းနှီးမြှုပ်နှံနိုင်ကြောင်း ၎င်းကပြောကြားသည်။ **(အင်တာနက်)**

၂၀၁၁ ခုနှစ် အမေရိကန်၏အရေးပေါ်စစ်စရိတ် အမေရိကန်ဒေါ်လာ ၃၃ ဘီလီယံတောင်းဆို

ဝါရှင်တန် ဇန်နဝါရီ ၂၂

၂၀၁၁ ခုနှစ်အတွက် တောင်းဆိုထားသော အမေရိကန်အရေးပေါ်စစ်သုံးစရိတ်သည် အာဖဂန်နစ္စတန်နိုင်ငံတွင် တပ်ဖွဲ့ဝင်များ တိုးမြှင့်ချထားရန်နှင့် လက်နက်များအကြီးအကျယ် ဝယ်ယူရေးစရိတ်အတွက် လုံလောက်မည်ဟု သိရသည်။

အမေရိကန်တပ်ဖွဲ့က အရေးပေါ်စစ်သုံးစရိတ်အတွက် အမေရိကန်ဒေါ်လာ ၃၃ဘီလီယံ တောင်းဆိုထားကြောင်း၊ ယင်းစစ်စရိတ်တွင် အာဖဂန်နစ္စတန်နိုင်ငံအတွက် အမေရိကန်ဒေါ်လာ ကိုးဘီလီယံကျော်လည်းပါဝင်ကြောင်း ရိုက်တာသတင်းဌာနက ဇန်နဝါရီ ၂၀ရက်တွင် သတင်းဖော်ပြသည်။

လုံလောက်

ယင်းစရိတ်မှာ ရဟတ်ယာဉ်သစ်များ၊ မော်တော်ယာဉ်များ၊ ဒုံးကျည်များနှင့် လက်နက်ခဲယမ်းမီးကျောက်များ ဝယ်ယူရေးနှင့် စစ်ပစ္စည်းကိရိယာများ အရည်အသွေးမြှင့်တင်ရေးလုပ်ငန်းများ၏ ကုန်ကျစရိတ်အတွက်ပါ လုံလောက်သည်။

သတိမှတ်

မောင်းသူမဲ့လေယာဉ်များ ထပ်မံဝယ်ယူရေးနှင့် ထောက်လှမ်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် ပိုမိုသုံးစွဲရေးကိုလည်း လျာထားသတ်မှတ်ထားကြောင်း လေ့လာတွေ့ရှိရသည်။

(အင်တာနက်)

ပါကစ္စတန်၌ ပေါက်ကွဲမှုဖြစ်ပွား တစ်ဦးသေဆုံး

အစ္စလမ္မာဘတ် ဇန်နဝါရီ ၂၂

ပါကစ္စတန်နိုင်ငံအနောက်တောင်ပိုင်းတွင် ဇန်နဝါရီ ၂၁ရက်က အဝေးထိန်းစနစ်ဖြင့် ဗုံးဖောက်ခွဲရာ တစ်ဦးသေဆုံးပြီး ၂၂ဦး ဒဏ်ရာရရှိသွားကြောင်း ဆင်ဟွာက ဖော်ပြသည်။

သေဆုံး

ပါကစ္စတန်နှင့် အာဖဂန်နယ်စပ်ရှိ ဂါကီးဒေသတွင် ယင်းသို့လမ်းဘေးဗုံးခွဲခြင်းဖြစ်ကြောင်း၊ သေဆုံးသူမှာ အမျိုးသမီးဖြစ်ပြီး ဒဏ်ရာရရှိသူ ၂၂ဦးအား ဆေးရုံသို့ တင်ပို့ခဲ့ကြောင်း ဆေးရုံသတင်းရပ်ကွက်က ပြောကြားသည်။ **(အင်တာနက်)**

ကူဝိတ်နိုင်ငံ ကူဝိတ်မြို့၌ (၁၆)ကြိမ်မြောက် ရိုးရာပဒေသာကပွဲတွင် ရိုးရာအကဖြင့် ကပြဖျော်ဖြေနေသည်ကို ဇန်နဝါရီ ၂၂ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

တောင်ကိုရီးယားနှင့်ယူအေအီး သဘောတည်ဆောက်ရေးပူးပေါင်း

ဆိုးလ် ဇန်နဝါရီ ၂၂

တောင်ကိုရီးယားအစိုးရနှင့် အာရပ်စော်ဘွားများနိုင်ငံ(ယူအေအီး) အစိုးရတို့သည် တစ်ပိုင်းလျှပ်ကူးပစ္စည်း အပါအဝင် သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားရန် သဘောတူညီခဲ့ကြသည်ဟု တောင်ကိုရီးယားအစိုးရက ဇန်နဝါရီ ၂၀ရက်တွင် ထုတ်ဖော်ပြောကြားသည်။

နှစ်နိုင်ငံသဘောတူစာချုပ်အရ တောင်ကိုရီးယားသင်္ဘောတည်ဆောက်ရေးကုမ္ပဏီ အနေဖြင့် ယူအေအီးနိုင်ငံ အဘူဒါဘီရှိ သင်္ဘောတည်ဆောက်ရေး ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်ရန် လုပ်ငန်းဆိုင်ရာ အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းမည်ဖြစ်ကြောင်း ဆိုးလ်မြို့ စီးပွားရေး စီမံကွပ်ကဲမှု ဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်လက်ဝတ်ရတနာဆိုင်လုယက်မှု သုံးဦးသေဆုံး၊ ခုနစ်ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အရှေ့မြောက်ပိုင်းရှိ လက်ဝတ်ရတနာဆိုင်တစ်ဆိုင်ကို အမည်မသိ သေနတ်သမားများက ဇန်နဝါရီ ၂၀ရက်တွင် ဝင်ရောက်တိုက်ခိုက်သဖြင့် သုံးဦးသေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိသွားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။ ရှီးယိုက်ဒေသဖြစ်သည့် ဘူနော့မြို့ ဈေးအတွင်းရှိ အဆိုပါ လက်ဝတ်ရတနာဆိုင်ကို ညနေပိုင်းတွင် သေနတ်သမားများက စီးနင်းတိုက်ခိုက်ကာ ဆိုင်ဝန်ထမ်းနှစ်ဦးအား ပစ်သတ်ခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ဘရာဇီးစီးပွားရေး ၂၀၁၀ခုနှစ်၌ ၅ရာခိုင်နှုန်းကျော်မြင့်တက်မည်ဟုခန့်မှန်း

ဘရာဆီးလီးယား ဇန်နဝါရီ ၂၂

ဘရာဇီးနိုင်ငံ၏စီးပွားရေးမှာ ၂၀၁၀ခုနှစ်တွင် ၅ရာခိုင်နှုန်းကျော်မြင့်တက်လာမည်ဟု ခန့်မှန်းထားကြောင်း ဘရာဇီးဗဟိုဘဏ်က ဇန်နဝါရီ ၂၀ရက်တွင် သတင်းထုတ်ပြန်သည်။

ဖော်ညွှန်းပြသ

ကမ္ဘာ့စီးပွားရေးအခက်အခဲပြဿနာများအား ဘရာဇီးနိုင်ငံကကျော်လွှားနိုင်သည်ကို စီးပွားရေးဆိုင်ရာလေ့လာသုံးသပ်ချက်များက ဖော်ညွှန်းပြသနေပြီဖြစ်ကြောင်း ဘရာဇီးဗဟိုဘဏ်အုပ်ချုပ်ရေးမှူး ဟန်ရီကျူမာရီလက်က ပြောကြားသည်။

မြင့်တက်လာ

ဘရာဇီးနိုင်ငံ၏ ပြည်တွင်းထုတ်လုပ်မှုတန်ဖိုးမှာလည်း ၂၀၁၀ခုနှစ်အတွင်း ၅ရာခိုင်နှုန်းနီးပါး မြင့်တက်လာဖွယ်ရှိကြောင်း၊ ဘရာဇီးစီးပွားရေးအခြေအနေမှာ ပြီးခဲ့သည့် ဆယ်စုနှစ်ကျော်ကထက် ကောင်းမွန်တိုးတက်လာပြီဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

လျှော့ချနိုင်

၂၀၁၀ခုနှစ်အတွင်း စက်မှုပစ္စည်းထုတ်လုပ်မှုမှာ ၈ရာခိုင်နှုန်းမြင့်တက်ရန်နှင့် ၂၀၁၀ခုနှစ်ကုန်တွင် ပြည်သူများ၏ ကြွေးမြီ၄၃ရာခိုင်နှုန်းအားလျှော့ချနိုင်မည်ဟု မျှော်မှန်းထားကြောင်း၊ ပြည်ပမှတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှာလည်း ယခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၄၅ဘီလီယံသို့ ရောက်ရှိမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂျာမနီနိုင်ငံ ဘရန်စဝစ်ခ်မြို့၌ ရထားနှင့်ကုန်တင်ကားတို့ တိုက်မိပြီးနောက် အပျက်အစီးများကို ဇန်နဝါရီ ၂၁ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကလေးမွေးဖွားနှုန်း မလေးရှား၌ မြင့်တက်လာ

ကွာလာလမ်ပူ ဇန်နဝါရီ ၂၂

မလေးရှားနိုင်ငံ၌ ၂၀၀၉ခုနှစ်အတွင်း ကလေး၅၁၆၆၄၅ဦး မွေးဖွားခဲ့ရာ ၂၀၀၈ခုနှစ်ကထက် ၃ဒသမ၉ရာခိုင်နှုန်း (သို့မဟုတ်)၂၀၂၃၁ဦး ပိုမိုမွေးဖွားခဲ့သည်ကို စာရင်းဇယားများအရ သိရှိရကြောင်း ဆင်ဟွာက ဖော်ပြသည်။

အမြင့်ဆုံး

၂၀၀၉ခုနှစ်တွင် ဆီလန်ဂေါပြည်နယ်၌ ကလေး ၈၀၁၁၀ မွေးဖွားခဲ့ရာ မလေးရှားနိုင်ငံအတွင်းရှိ ပြည်နယ်များတွင် မွေးဖွားမှုနှုန်း အမြင့်ဆုံးပြည်နယ်ဖြစ်သည်။

လူဦးရေ

၂၀၀၉ခုနှစ်အတွင်း မလေးရှားနိုင်ငံ၏ လူဦးရေမှာ ၂၈ဒသမ ၃၁သန်းရှိကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

စာကြည့်တိုက်များ စံ(၅)ချက်နှင့်ညီညွတ်ရေး ရွှေပြည်သာမြို့နယ်တွင် ဆွေးနွေးဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၂

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ စာအုပ် စာစောင်များ တိုးပွားရေး၊ စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက်များ ဖြစ်ပေါ်လာရေး၊ စာဌားကတ်စနစ်ကျင့်သုံးရေးအတွက် တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၉ရက် နံနက် ၁၁နာရီက ရွှေပြည်သာမြို့နယ် ဇီးကုန်းကျေးရွာအုပ်စု ပန်းခြံစုကျေးရွာရှိ ဖန်မီးအိမ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ ကျင်းပသည်။

ဆွေးနွေးပြောကြား

အဆိုပါအခမ်းအနားတွင် ဇီးကုန်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ စာရိတ္တအင်အားစာကြည့်တိုက်မှ ကော်မတီဝင်များ၊ ဖန်မီးအိမ်စာကြည့်တိုက်မှ ကော်မတီဝင်များနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အုံးညွန့်က စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက်များဖြစ်ပေါ်လာရေးနှင့် စာဌားကတ်စနစ် ကျင့်သုံးဆောင်ရွက်ရေးတို့ကို ဆွေးနွေးပြောကြားသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ စံ(၅)ချက်နှင့်ညီညွတ်ရေး သင်္ဃန်းကျွန်း စာပန်းခင်းစာကြည့်တိုက်၌ ဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်မော်နှင့်အဖွဲ့သည် မြို့နယ်အတွင်း ဖွင့်လှစ်ပြီးသော ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ခိုင်မာပြီး စံ(၅)ချက်နှင့် ညီညွတ်သော စာကြည့်တိုက်များ ဖြစ်တည်ရေးအတွက် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၈ရက်က သင်္ဃန်းကျွန်းမြို့နယ် (၁၆/၃) ရပ်ကွက် စာပန်းခင်းစာကြည့်တိုက်၌ ရပ်ကွက်ဥက္ကဋ္ဌနှင့် စာကြည့်တိုက် ကော်မတီဝင်များ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပသည်။

ဆွေးနွေး

ဆွေးနွေးပွဲတွင် ရရှိပြီးစာအုပ်များ စနစ်တကျထိန်းသိမ်းရေး၊ အလှူရှင်တိုးပွားရေး၊ စာဌားကတ်စနစ်ကျင့်သုံးပြီး ရန်ပုံငွေရရှိရေး၊ စာကြည့်တိုက် ကိုယ်ပိုင်မြေ အဆောက်အအုံရရှိရေးတို့ကို မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်မော်ကဆွေးနွေးရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးတိုးမြင့်က လက်ရှိစာကြည့်တိုက် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ပြန်လည်ဆွေးနွေးသည်။ (ဝဲပုံ) (ခရိုင် ပြန်/ဆက်)

ဇန်နဝါရီ ၁၇ရက်က နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ ကျင်းပသည့် လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ ဂုဏ်ထူးရကျောင်းသားကျောင်းသူများ ဂုဏ်ပြုပွဲနှင့် သက်ကြီးပူဇော်ကန်တော့ပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင်ကျောင်းသူတစ်ဦးအား အသင်းဥက္ကဋ္ဌ ဦးအောင်က ဂုဏ်ပြုလွှာပေးအပ်စဉ်။ (၁၃၅)

ပဲခူးမြို့နယ် ဘုရားကြီးစံပြကျေးရွာ ဘုရားကြီး တိုက်နယ်ဆေးရုံအတွက် အလှူရှင် ဒေါ်တင်တင်မိသားစုက အလှူငွေကျပ်တစ်သိန်းကို ဇန်နဝါရီ ၁၈ရက်က လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးလှမြင့်၊ တိုက်နယ် ဆရာဝန် ဒေါက်တာ ခင်ထွေးမြင့်နှင့်တာဝန်ရှိသူတို့က လက်ခံယူစဉ်။ (ကျန်းမာရေး)

အလယ်တန်းကျောင်းခွဲ မင်းကင်း၌ဖွင့်

မင်းကင်း ဇန်နဝါရီ ၂၂

စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် ကျောက်အိုးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၄ရက် နံနက် ၉နာရီကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယရဲမှူးခင်မောင်ဝင်းနှင့် မြို့နယ်ပညာရေးမှူး ဦးဟန်ငွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

လှူဒါန်း

ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသူများနှင့် အလှူရှင်များက ဗလာစာအုပ် ၁၇၀နှင့် ငွေပဒေသာပင် ရန်ပုံငွေအဖြစ် ငွေကျပ်နှစ်သိန်းသုံးသောင်း လှူဒါန်းကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပွင့်ဖြူ အထက ပညာရေးစုံညီပွဲတော် ကျင်းပ

ပွင့်ဖြူ ဇန်နဝါရီ ၂၂

မင်းဘူးခရိုင် ပွင့်ဖြူမြို့ အထက၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို အထကခန်းမ၌ ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှငွေး၊ မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းငွေး၊ ကျောင်းအုပ်ဆရာကြီး ဦးကျော်ဆင့်နှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က အမှာစကားများပြောကြားသည်။

ဆုချီးမြှင့်

ထို့နောက် ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ လေးဘာသာဂုဏ်ထူးရ တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရ နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရ သုံးဦး၊ တစ်ဘာသာဂုဏ်ထူးရ ၁၅ဦး စုစုပေါင်းဂုဏ်ထူးရရှိသူ ၂၁ဦးနှင့် ပညာရည်ချွန်ဆုရရှိသူ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။ ***(မြို့နယ် ပြန်/ဆက်)***

ပညာရည်ချွန်ဆု ပေးအပ်

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဂျိုးဖြူစံပြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ဇန်နဝါရီ ၃ရက်က ပညာရေးစုံညီပွဲတော်၊ ဘက်စုံထူးချွန်ဆုနှင့် ၂၀၀၈-၂၀၀၉ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ တတိယတန်းမှ ပထမဆု ရရှိသော ကျောင်းသူ မကေသွယ်ဦးအား ကျောင်းအုပ် ဆရာမကြီး ဒေါ်အေးအေးမွန်က ပညာရည်ချွန်ဆု ချီးမြှင့်စဉ်။(ပညာရေး)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းရေးသားသည်

စီချွမ်၌ ဘတ်စ်ကား မြစ်ထဲထိုးကျ၊ ရှစ်ဦးသေဆုံး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ်တွင် ဝန်တန်ချိန်အဆမတန်တင်ဆောင်လာသော မီနီဘတ်စ်တစ်စီး ဇန်နဝါရီ ၂၁ ရက်က မြစ်ထဲထိုးကျသဖြင့် ရှစ်ဦးထက်မနည်းသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိသွားကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ဇန်နဝါရီ ၂၂ ရက်တွင် ပြောကြားသည်။

အေ-၃၂၀ လေယာဉ် ၁၀စင်း ယီမင်နိုင်ငံဝယ်မည်

ယီမင်နိုင်ငံ၏ အစိုးရလေကြောင်းလိုင်းဖြစ်သော ယီမင်နီးယားလေကြောင်းသည် အေ-၃၂၀အမျိုးအစား လေယာဉ် ၁၀စင်းဝယ်ယူရေးအတွက် အဲယားဘတ်စ်ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုကြောင်း ပါရီအခြေစိုက်အဲယားဘတ်စ်အုပ်စုက ဇန်နဝါရီ ၂၁ရက်တွင် ကြေညာချက်ထုတ်ပြန်ဖော်ပြသည်။

ကွာလာလမ်ပူလေဆိပ်၌ မူးယစ်ဆေးဖမ်းမိမှုများပြားလာ

မလေးရှားနိုင်ငံ အကောက်ခွန်ဦးစီးဌာနသည် ကွာလာလမ်ပူ နိုင်ငံတကာလေဆိပ် (ကေအယ်လ်အိုင်အေ)၌ မူးယစ်ဆေးဝါးဖမ်းမိမှုပမာဏ သိသိသာသာ များပြားလာသဖြင့် ယင်းလေဆိပ်၌ အထူးဂရုစိုက် စောင့်ကြပ်စစ်ဆေးမှုများ အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားတော့မည်ဖြစ်သည်ဟု စတားမလေးရှားသတင်းစာတွင် ဖော်ပြသည်။

ဟေတီ၌ လျှင်ထပ်မံလှုပ်၍ပြည်သူထိတ်လန့်

ဟေတီနိုင်ငံတွင် ဇန်နဝါရီ ၂၁ရက်က အင်အားရစ်ချ်တာစကေး ၄ဒသမ ၉အဆင့်ရှိသည့် မြေငလျင်လှုပ်သွားသဖြင့် ပြည်သူများအထိတ်တလန့်ဖြစ်ရပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို ရပ်ဆိုင်းထားလိုက်ရကြောင်း သတင်းရရှိသည်။

ဆော်ပေါလိုတွင် မြေပြို၍ ရှစ်ဦးသေဆုံး

ဘရာဇီးနိုင်ငံမြို့တော် ဆော်ပေါလိုမြို့တွင် ဇန်နဝါရီ ၂၁ ရက်က မိုးသက်မုန်တိုင်းကျရောက်ပြီး ရေလွှမ်းမှုဖြစ်ပွားကာ ရှစ်ဦးသေဆုံးသွားကြောင်း ဘရာဇီးအာဏာပိုင်များက ပြောကြားသည်။ သေဆုံးသူများသည် ဆော်ပေါလိုမြို့၌ မြေပြိုရာမှ မြေပိပြီး သေဆုံးသွားခြင်းဖြစ်ကြောင်း သိရသည်။ (အောက်ပုံ)

အာဖဂန်သို့ ရိုမေးနီးယားတပ်ဖွဲ့ဝင် ၆၀၀ ထပ်မံပို့မည်

ရိုမေးနီးယားနိုင်ငံသည် အာဖဂန်နစ္စတန်နိုင်ငံသို့ တပ်ဖွဲ့ဝင် ၆၀၀ထပ်မံ စေလွှတ်မည်ဟု နိုင်ငံတော်ကာကွယ်ရေးကောင်စီ (စီအက်စ်အေတီ)က ဇန်နဝါရီ ၂၁ရက်၌ အတည်ပြုလိုက်ကြောင်း ဖော်ပြထားသည်။ လောလောဆယ်အချိန်၌ အာဖဂန်နစ္စတန်နိုင်ငံ၌ ရိုမေးနီးယားတပ်ဖွဲ့ဝင် ၁၀၂၀ စေလွှတ်ထားပြီးဖြစ်သည်။

အီရန်နျူကလီးယားဓာတ်ပေါင်းဖို ယခုနှစ် ဖွင့်မည်

ရုရှားနိုင်ငံသည် အီရန်နိုင်ငံရှိ ဘူရှီနျူကလီးယားဓာတ်အားပေးစက်ရုံမှ အဏုမြူဓာတ်ပေါင်းဖိုကို ယခု ၂၀၁၀ခုနှစ်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်သည်ဟု ရုရှားအစိုးရ နျူကလီးယား ဓာတ်အားပေးကော်ပိုရေးရှင်းမှ အကြီးအကဲက ဇန်နဝါရီ ၂၁ရက်တွင် ပြောကြားသည်ဟု သတင်းရရှိသည်။

ရုရှားအကြီးဆုံးဘဏ် တရုတ်ပြည်၌လုပ်ငန်းတိုးချဲ့မည်

ရုရှားနိုင်ငံ၏ အကြီးဆုံးဘဏ်ကြီးဖြစ်သော ဗင့်ရှ်တော့ဘဏ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ယင်းဘဏ်၏ စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်စီစဉ်လျက်ရှိကြောင်း အဆိုပါဗင့်ရှ်တော့ဘဏ်ဥက္ကဋ္ဌ အင်ဒရီးကော့စတင်က ဇန်နဝါရီ ၂၁ရက်၌ ပြောကြားသည်။

တန်ဇန်းနီးယားအလယ်ပိုင်း၌ ရေလွှမ်း

တန်ဇန်းနီးယားနိုင်ငံ အလယ်ပိုင်းဒေသများဖြစ်သော ဒိုဒိုမာနှင့်မိုရိုဂိုရိုတို့တွင် ရေလွှမ်းသဖြင့် လူ၂၈၀၀၀ထက်မနည်းသည် အရေးပေါ်ရိက္ခာနှင့်အခြားအကူအညီများ လိုအပ်နေကြောင်း၊ ပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ပျက်စီးနေကြောင်း တန်ဇန်းနီးယားမီဒီယာက ဇန်နဝါရီ ၂၁ရက်တွင် ဖော်ပြသည်။ (အင်တာနက်)

ဟိုင်းကြီးကျွန်း ချောင်းဝကျေးရွာတွင် နည်းပညာ အထက်တန်းကျောင်းကို ဖွင့်လှစ်သင်ကြားနေသည်။ (မြန်မာ့အလင်း)

ဟိုင်းကြီးကျွန်း စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းကို ကတ္တရာခင်းပေးထားသည်မှာ....။ (မြန်မာ့အလင်း)

❐ ရှေ့ဖုံးမှ

ဟိုင်းကြီးကျွန်းသည် မြစ်ချောင်းအင်းအိုင်ပေါခြင်းကြောင့် သားငါး ပေါများခြင်း၊ မြစ်ဝကျွန်းပေါ်ဒေသဖြစ်၍ စပါး စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းခြင်း၊ ရခိုင်ရိုးမနှင့် ဆက်စပ်နေသဖြင့် သစ်တောထွက်ပစ္စည်းများ ထွက်ရှိခြင်း၊ ပင်လယ်နှင့်နီးစပ်၍ ဆားငန်ရေဝင်ရောက်သဖြင့် နေလှန်းဆားထွက်ရှိခြင်းတို့ကြောင့် စီးပွားရေး ကောင်းမွန်သော မြို့ဖြစ်သည်။

ထောက်ပံ့ကူညီ

ဧရာဝတီတိုင်းအတွင်း ပါဝင်သည့် ဟိုင်းကြီးကျွန်းမှာလည်း ၂၀၀၈ခုနှစ်က လေဘေးကြောင့် ကျေးရွာများတွင် ဆုံးရှုံးပျက်စီးခဲ့ရသည်။ ဟိုင်းကြီးကျွန်းအတွင်း လေဒဏ်၊ ရေဒဏ်ခံရသော ကျေးရွာများကို နိုင်ငံတော်၊ ကုမ္ပဏီများ၊ အလှူရှင်များက ထောက်ပံ့ကူညီခဲ့ကြသည်။

မုန်တိုင်းကာလအတွင်း ဟိုင်းကြီးကျွန်း အပါအဝင် ကျေးလက်များတွင် ပင်လယ်ရေ ဝင်ရောက်သဖြင့် ရေတွင်း၊ ရေကန်များမှာ ရေငန်များဖြစ်ကုန်သည်။ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ရေငန်များကို ဖယ်ထုတ်ခြင်း၊ တူးဖော်သန့်ရှင်းခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ဆေးခတ်ခြင်း၊ ရေကောင်းရေသန့်များ ပြန်လည်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ရေချို ရေကောင်းများ ရရှိခဲ့သည်။

သောက်သုံးရေ

သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် သဲကုန်းကြီး၊ ညောင်ပိုင်း၊ မြို့သစ်၊ ငါးပြေမ၊ မရမ်းကွင်း၊ ဘုရားလှ၊ ကျောက်ချောင်း၊ ဖောင်ဒိုး၊ မဲခရဲ၊ ရဲခေါင်ကြီး၊ ရေကျော်အောက်၊ ကညင်ချောင်း၊ ကံ့ဂျားကျေးရွာအုပ်စုများရှိ ကျေးရွာပေါင်း ၃၆ ရွာတွင် ရေတွင်းသစ် ၃၂ တွင်းနှင့် သောက်ရေကန် ၃၆ကန်တို့ကို တူးဖော်ပေးခဲ့သည်။

ဟိုင်းကြီးကျွန်း ချောင်းဝ ဆေးပေးခန်းကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

စည်ပင်သာယာ

ဟိုင်းကြီးကျွန်း စည်ပင်သာယာရေးအဖွဲ့က ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးသည့် သင်္ဘောများ ဆိုက်ကပ်နိုင်ရန်အတွက် ကျိုးပဲ့ပျက်စီးသွားသော ဟိုင်းကြီးကျွန်း စံပြဗောတံတား ပြန်လည်ပြုပြင်မွမ်းမံခြင်း၊ ကျေးရွာများတွင် အရေးပေါ် ဗောတံတားများ အသစ်ဆောက်လုပ်ခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းများကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။ ကယ်ဆယ်ထောက်ပံ့ရေး ပစ္စည်းများ ကျေးရွာအရောက် ပို့ပိုးကူညီနိုင်ရန်အတွက် ကျိုးပဲ့ပျက်စီးနေသည့် လမ်းတံတားများ ပြုပြင်ဆောင်ရွက်ခဲ့သည်။

ဟိုင်းကြီးကျွန်းတွင် စံပြဗောတံတားကို ဤသို့ ပြန်လည်ပြုပြင် တည်ဆောက်ထားသည်။ (မြန်မာ့အလင်း)

မြို့တွင်းတွင်လည်း ပမ္မဝတီလမ်းနှင့် မြို့ပတ်လမ်းတို့အား ၃ ဒသမ ၇မိုင် ကတ္တရာခင်းပြီး ဦးအောင်ဇေယျလမ်းကို ၀ ဒသမ ၇ မိုင် ကျောက်ချောလမ်းအဖြစ် ခင်းပေးခဲ့သည်။ ကျေးလက်လမ်းအဖြစ် ကံ့ဂျား၊ ရဲခေါင်ကြီးနှင့် ပြင်ခရိုင်၊ ကျောက်ကလပ်လမ်း၊ သက္ကယ်သောင်၊ သောင်လေးလယ်တော၊ ဖိုးညိုကုန်းလမ်းများကို ပြုပြင်အသစ်ခင်းပေးခဲ့သည်။

ဟိုင်းကြီးကျွန်း၌ မြို့ပေါ်နှင့် ကျေးလက်လမ်းများတွင် အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းပေါင်း ၈၅ ကျောင်းရှိပြီး အဆောင်ပေါင်း ၁၅၆ ဆောင်တွင် ၅၆ဆောင်မှာ နာဂစ်ဒဏ်ကြောင့် ပြိုလဲပျက်စီးခဲ့သည်။ ယခုအခါ ကျောင်းများမှာ နိုင်ငံတော်နှင့် အလှူရှင်၊ ကုမ္ပဏီများ၏ ကူညီပံ့ပိုးမှုကြောင့် အားလုံး ဆောက်လုပ်ပြုပြင်ပြီး ဖြစ်သည်။ ကျန်းမာရေးဌာနကလည်း ကျေးလက်များတွင် သန့်ရှင်းသပ်ရပ်ခိုင်ခံ့သည့် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းများ ဖွင့်လှစ်၍ ကျေးရွာလူထုအား ကျန်းမာရေး ပြုစုစောင့်ရှောက်မှုများ ဆောင်ရွက်နေသည်။

လေဘေးကြောင့် ရွာပျက်ခဲ့ရသည့် အုတ်တွင်းကျေးရွာအုပ်စု၊ ဘုန်းတော်ပြည့်ရွာနှင့် ခုံကြီးရွာတို့အား ပေါင်းစည်း၍ ကုန်းသာယာရွာသစ်နှင့် သက္ကယ်သောင်ကျေးရွာအုပ်စု၊ သောင်လေးရွာအား နေရာရွှေ့ပြောင်း၍ သောင်လေးရွာသစ်အဖြစ် အလှူရှင်ကုမ္ပဏီများဖြစ်ကြသော ရွှေသံလွင်၊ အရှဏ်ဦး၊ FMI၊ တက်လမ်း၊ အောင်ချမ်းသာ၊ မြင့်မြတ်အလင်း၊ မေတ္တာဖောင်ဒေးရှင်း၊ MBCA ကုမ္ပဏီများက တန်ဖိုးသင့်အိမ်ရာ ၁၅၈၇လုံးကို ဆောက်လုပ်ပေးခဲ့ရာ ယခင်က တဲနှင့်နေရသော ကျေးရွာသူ ကျေးရွာသားများမှာ ယခုအခါ သွပ်မိုး၊ ပျဉ်ကာ အိမ်သစ်များဖြင့် အဆင့်အတန်းမြင့်မြင့်နေရသဖြင့် ဝမ်းသာပျော်ရွှင်နေကြသည်။

ဟိုင်းကြီးကျွန်း ပြင်ခရိုင် သာယာချောင်းကျေးရွာတွင် လူ ၅၀၀ ဆံ့ Cyclone Shelter ကို ဤသို့တည်ဆောက်ထားသည်။ (မြန်မာ့အလင်း)

ရေအလုံအလောက်ရရှိ

အသစ်ရွှေ့ပြောင်း ဆောက်လုပ်ထားသော ကုန်းသာယာရွာတွင် ရေတွင်းသစ်လေးတွင်း၊ ရေကန်ငါးကန် တည်ဆောက်ပေးရာ ရေအလုံအလောက် ရရှိနေပြီဖြစ်သည်။

လေဘေး၊ ရေဘေးသင့် ကျေးရွာများအား ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကော်မတီများ ဖွဲ့စည်း၍ လေဘေးဒုက္ခသည်များ၏ စားဝတ်နေရေးအတွက် ထောက်ပံ့ရေးပစ္စည်းများကို လေဘေးဒုက္ခသည်များထံ ရောက်ဖြန့်စနစ်ဖြင့် ဖြန့်ဖြူးပေးခဲ့သည်။

ဆက်သွယ်ရေး

မုန်တိုင်းဒဏ်ကြောင့် အော်တိုတယ်လီဖုန်းများ ဆက်သွယ်မှုပြတ်တောက်ခဲ့ရာ ယခုအခါ CDMA ဖုန်း ၃၃၂ လုံး တပ်ဆင်ထားသည်ကို တွေ့ခဲ့ရသည်။

ဆားလုပ်ငန်း

ဟိုင်းကြီးကျွန်း၏ အဓိကစီးပွားရေးဖြစ်သော ဆားလုပ်ငန်းများလည်း မုန်တိုင်းကြောင့် ပျက်စီးခဲ့ရသည်။ ဆားလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးအတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက ဆားဧက ၇၁၃၈ ဧကအတွက် ဆားတောင်သူ ၂၀၇ ဦးတို့အား တစ်ဦးလျှင် ကျပ်သုံးသိန်းနှုန်းဖြင့် ထောက်ပံ့ကူညီထားရာ ယခုအခါ ဆားလုပ်ငန်းများ လုပ်ဆောင်နေကြပေပြီ။ ထို့နည်းတူ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက နာဂစ်မုန်တိုင်းဒဏ်ခံ ရေလုပ်သားများအား မျှောပိုက် ၂၇၀၊ ပုစွန်ပိုက် ၇၆ပိုက်၊ ကျား ပိုက် ၃၃၈ပိုက်၊ ဘဝန်းပိုက် ၉၄ပိုက်၊ ကွန် ၂၀၇ခုနှင့် ရင်တွန်းပိုက် ၁၃၆ပိုက်တို့အား ဖြန့်ဝေပေးခဲ့သည်။ ထို့အပြင် ရေလုပ်သားကြီးများအား စက်တပ်လှေ ၈၅၉ စင်း ပေးအပ်ခဲ့သည်။

တည်ဆောက်

ဟိုင်းကြီးကျွန်းတွင် မုန်တိုင်းဒဏ်ကြိုတင်ကာကွယ်ရန်အတွက် Cyclone Shelter များ တည်ဆောက်နေပြီး ပြင်ခရိုင်၊ သင်္ဘာန်းကုန်း၊ ချောင်းဝနှင့် သက္ကယ်သောင်ကျေးရွာများတွင် လူ ၅၀၀ မှ ၁၀၀၀ဆံ့ Cyclone Shelter လေးလုံးနှင့် ကံထူးသာယာ၊ ဖိုးမိုးကုန်း၊ သာယာချောင်း၊ မကျီးချိုင်၊ အုတ်တွင်းနှင့် စက်ဆိပ်တို့တွင် Cyclone Shelter တစ်ရွာ တစ်လုံးဖြင့် ခြောက်လုံးတည်ဆောက်ပေးနေသည်။

သင်ကြားပို့ချ

မုန်တိုင်းဒဏ်ခံရသော ကျေးလက်နေ လူငယ်များနှင့် ကျောင်းသူများအတွက် နည်းပညာဝန်ကြီးဌာနက ဟိုင်းကြီးကျွန်း တစ်ဖက်ကမ်း ချောင်းဝတွင် ၅-၅-၂၀၀၉ ရက်က နည်းပညာအထက်တန်းကျောင်း ဖွင့်လှစ်ကာ လူငယ်လူရွယ်များ အခြေခံပညာ၊ စက်မှုနည်းပညာများကို ကျောင်းသား ကျောင်းသူ ၁၅၀ခန့်တို့အား စာတွေ့ လက်တွေ့ သင်ကြားပို့ချနေသည်။

စီးပွားရေး

ဟိုင်းကြီးကျွန်း၏ အဓိက စီးပွားရေးလုပ်ငန်းဖြစ်သည့် မိုးစပါးဧက ၃၉၇၄၀ကိုလည်း အပြည့်အဝ စိုက်ပျိုးထားပြီးဖြစ်သည်။ ထို့ကြောင့် ဟိုင်းကြီးကျွန်းတွင် အဖျက်စွမ်းအား ကြီးမားသော မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားခဲ့သည့် ဆေးရုံ၊ ဆေးပေးခန်းလုပ်ငန်းများလည်း တည်ဆောက်ပြီးပြီ ဖြစ်သည်။ ပြိုလဲပျက်စီးခဲ့သည့် ကျောင်းများလည်း ပြန်လည်တည်ဆောက်ကာ စာသင်သံတညံညံဖြင့် ကြားနေရပြီ ဖြစ်သည်။ လူနေအိမ်ခြေများကိုလည်း နိုင်ငံတော်က ပြန်လည်ထူထောင်ပေးထားပြီး ဖြစ်သည်။ ဟိုင်းကြီးကျွန်းသည် ဘက်စုံပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စီမံချက်ချ၍ စနစ်တကျ အကောင်အထည်ဖော်ခဲ့ရာ မုန်တိုင်းမရောက်မီကထက် အရှိန်အဟုန်မြင့်မားစွာဖြင့် တိုးတက်ဖွံ့ဖြိုးလာနေပြီဖြစ်ပါကြောင်း သတင်းခရီးတစ်ထောက် စေ့ငုတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ဟိုင်းကြီးကျွန်း ကုန်းသာကျေးရွာတွင် လေဘေးဒဏ်ခံခဲ့ရသော ပြည်သူများအတွက် ဤသို့ အိမ်ရာများ ဆောက်လုပ်ပေးထားသည်။ (မြန်မာ့အလင်း)

■ *ကျော့ဖုံးမှ*

လားရှိုးမြို့သို့ ပြီးခဲ့သည့်နှစ်က လက်ဖက်အလုပ်ရုံဆွေးနွေးပွဲ သတင်းရယူရန် ရောက်ရှိခဲ့သည်။ ယခုတစ်ဖန် သတင်းဆောင်းပါးရေးသားရန် ပြန်လည်ရောက်ရှိခဲ့ပြန်ပါပြီ။ ယခင်ရောက်ခဲ့သည့် မြင်ကွင်း အခြေအနေများနှင့် မတူပါ။ အထူးသဖြင့် တစ်မြို့လုံး သစ်ပင် ပန်းမန်များနှင့် လှပဝေဆာနေသည်။

မြို့အဝင်

မြန်မာ့အလင်း သတင်းအဖွဲ့သည် နေပြည်တော်မှ ရှမ်းပြည်နယ် (မြောက်ပိုင်း)၏ မြို့တော်လားရှိုးသို့ ခရီးဆန့်ခဲ့ကြခြင်းဖြစ်သည်။ လားရှိုးမြို့သို့ မရောက်မီ အဝင်ဆိုင်းဘုတ်ကို ဦးစွာတွေ့ရသည်။ များမကြာမီ မြို့ကွက်သစ်များ တိုးချဲ့တည်ဆောက်ထားမှုကို တွေ့ရပြန်သည်။ ယခင်တစ်ခေါက်ကထက် တိုက်တာ နေအိမ်သစ်များ ဆောက်လုပ်ထားမှု များပြားလာသည်ဟု ထင်ရသည်။ လမ်းတစ်လျှောက် လမ်းလယ်ကျွန်းများ၌ ပန်းများနှင့် အလှပဆုံး စိုက်ပျိုးထားသဖြင့် မြို့၏ သန့်ရှင်းသာယာလှပမှုကို ဖော်ပြနေသည်။

မြို့လယ်

မြို့လယ်သို့ ရောက်သည်နှင့် အဝေးပြေး ကားပေါ်မှ ဆင်းကြရသည်။ မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းမကြီးနှင့် မြို့၏ တောင်မြောက်သွယ်တန်း ဖောက်လုပ်ထားသော လမ်းတို့ပေါင်းဆုံရာ နေရာသည် မြို့လယ်ဖြစ်သည်။ မြို့လယ်တွင် မြို့ရွာများ အမြန်ခေတ်မီဖွံ့ဖြိုးတိုးတက်ရမည်။ စံပြမြို့တော်ဖြစ်ရေးအတွက် လားရှိုးမြို့သည် သန့်ရှင်းရမည်၊ သပ်ရပ်ရမည်၊ လှပရမည်၊ ညီညာရမည်၊ စိမ်းလန်းစိုပြည်စေရမည်ဟူသော ဆိုင်းဘုတ်များ တွေ့ရသည်။ ထိုဆောင်ပုဒ်များနှင့်အညီ မြို့နယ်စည်ပင်က လားရှိုးမြို့ကို သန့်ရှင်းသပ်ရပ်ပြီး လှပသောမြို့အဖြစ် ဖန်တီးထားသည်မှာ အမှန်ပင်ဖြစ်၏။

ရုပ်တု

ထိုမြို့လယ်တွင် စည်းလုံးခြင်းသည် အင်အားရုပ်တုကိုလည်း တွေ့ရသည်။ ထင်းတစ်ချောင်းကို ချိုးလျှင် အလွယ်တကူ ကျိုးနိုင်သော်လည်း ထင်းတစ်စည်းကို ချိုးလျှင် အလွယ်တကူ ကျိုးနိုင်မည် မဟုတ်ပေ။ ထို့အတူ တိုင်းရင်းသားစည်းလုံးညီညွတ်ခြင်းသည် လွတ်လပ်ရေးကို ခိုင်မြဲစေနိုင်မည် ဖြစ်ကြောင်း ဤစည်းလုံးခြင်းသည် အင်အားရုပ်တုက ပြည်သူတို့အား အသိပေးထားသည်။

မြို့တော်ခန်းမ

မြို့လယ်တွင် လားရှိုးမြို့၏ ကျက်သရေဆောင် မြို့တော်ခန်းမကြီးနှင့် သာသနာ့ဗိမာန် အဆောက်အအုံတို့ကိုလည်း ဝင့်ထည်စွာ တွေ့ရသည်။ ဤနေရာသည် လက်ဖက်အလုပ်ရုံ ဆွေးနွေးပွဲကဲ့သို့ ပြည်နယ်အဆင့် ဆောင်ရွက်သည့်ပွဲများနှင့် တရားဓမ္မသဘင်များ ကျင်းပရာ နေရာပင်ဖြစ်သည်။ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှုဖြင့် ဤသာသနာ့ဗိမာန်ကြီး၌ တရားဓမ္မသဘင်များ ကျင်းပပေးခြင်းဖြင့် လားရှိုးမြို့ကြီးသည် တရားဓမ္မများ လွှမ်းခြုံလျက် ပို၍ တည်ငြိမ်အေးချမ်းလာသည်ဆိုလျှင် မှားမည် မဟုတ်ပေ။

လားရှိုးမြို့လယ်ရှိ မြို့တော်ခန်းမနှင့် ပတ်ဝန်းကျင်မြင်ကွင်းအလှပသာဒ။ (မြန်မာ့အလင်း)

မြို့မဈေး

လားရှိုးမြို့၏ အစည်ကားဆုံးနေရာများသည် မြို့မဈေးကြီးနှင့် မန်ဆူဈေးကြီးတို့ဖြစ်သည်။ မြို့မဈေးကြီး၌ ရောင်းဝယ်ဖောက်ကားကြသလို မန်ဆူဈေးကြီးတွင်လည်း လက်ကားကုန်စည်ဒိုင်နှင့် အဝေးပြေးကားဂိတ် တည်ရှိခြင်းကြောင့် အထူးစည်ကားလှသည်။ လားရှိုးမြို့မဈေးကြီးအနီးတွင် လားရှိုးအထွေထွေရောဂါကုခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးနှင့် သူနာပြုသင်တန်းကျောင်းရှိသည်။ ဤဆေးရုံကြီးသည် ဒေသနေပြည်သူများအတွက် ကျန်းမာရေး ပြုစုစောင့်ရှောက်မှု အပြည့်အဝပေးနေသော ဆေးရုံကြီးပင် ဖြစ်သည်။

ပညာသင်ကြားနိုင်

လားရှိုးမြို့ပေါ်တွင် လားရှိုးတက္ကသိုလ်ကြီးနှင့် လားရှိုးမြို့၏ အနီးပတ်ဝန်းကျင်၌ ကွန်ပျူတာတက္ကသိုလ်၊နည်းပညာတက္ကသိုလ်များကိုလည်း တည်ဆောက်ပေးထားပြီးဖြစ်၍ ဒေသနေလူငယ်လူရွယ်များ ပညာသင်ယူခွင့် အခွင့်အလမ်းများ တိုးပွားလာသည်။ တစ်ချိန်ကဆိုလျှင် ဤဒေသမှ လူငယ်လူရွယ်များသည် ရန်ကုန်နှင့် မန္တလေး မြို့ကြီးများသို့ သွားရောက်ကာ တက္ကသိုလ် တက်ကြရသည်။ ယခုဆိုလျှင် နိုင်ငံတော်အစိုးရ၏ စီမံဆောင်ရွက်ပေးမှုကြောင့် ဒေသနေလူငယ်များ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ကြပေပြီ။

အောင်ချက်

ထို့အပြင် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီမံပေးမှုကြောင့် အခြေခံပညာကျောင်းများလည်း တိုးတက် ကောင်းမွန်လာပြီဖြစ်သည်။ ကျောင်းများ၌ သင်ကြားမှု တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်း၊ သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးခြင်း၊ အောင်ချက်မြင့်မားရေး အစီအမံများ ဆောင်ရွက်ပေးခြင်းတို့ကြောင့် လားရှိုးမြို့၏ ပညာရေးမှာ ပို၍ ကောင်းမွန်လာဦးမည်ဖြစ်သည်။

သတင်းခရီးသည်တို့သည် လားရှိုးမြို့ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းခွဲသို့ ရောက်ခဲ့သည်။ ဤကျောင်းကို ၂၀၀၇ခုနှစ် ဩဂုတ်ဖရက်က အခြေခံပညာအထက်တန်းကျောင်းခွဲအဖြစ် ဖွင့်လှစ်လိုက်ခြင်းဖြစ်သည်။ ယခင်က မူလတန်းလွန်ကျောင်းတစ်ကျောင်းသာဖြစ်သည်။ ယခုအခါ ဤကျောင်း၌ ကျောင်းသားကျောင်းသူ ၁၃၀၀ ကျော်တို့ ပညာသင်ကြားလျက်ရှိသည်။ တက္ကသိုလ်ဝင်တန်းအောင်ချက် မြင့်မားရေးအတွက် အဘက်ဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးနေကြောင်း သိရသည်။

စည်ပင်အဖွဲ့

သတင်းအဖွဲ့သည် လားရှိုးမြို့ စည်ပင်သာယာရေးအဖွဲ့ ရုံးသို့လည်း သွားရောက်ကာ မြို့သန့်ရှင်း သာယာလှပရေး ဆောင်ရွက်ထားမှုနှင့် စပ်လျဉ်း၍ သတင်းအချက်အလက်များ ရယူခဲ့ပါသည်။

"ကျွန်တော်တို့ လားရှိုးမြို့နယ် စည်ပင်သာယာအနေနဲ့ လားရှိုးမြို့ဟာ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရဲ့ မြို့တော်ဖြစ်သည်နှင့်အညီ အစဉ်သန့်ရှင်း သာယာလှပရေးအတွက် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နေပါတယ်။ အထူးသဖြင့် မြို့လယ်နှင့် မြို့ဝင်၊ မြို့ထွက် လမ်းမကြီးများမှာ လမ်းလယ်ကျွန်းများကို ပန်းမန်များနဲ့ လှပအောင် ဆောင်ရွက်ထားပါတယ်။ မြို့တွင်းလမ်းများ တိုးတက်ကောင်းမွန်ရေး၊ ဈေးများနဲ့ ရပ်ကွက်လမ်းများ သန့်ရှင်းမှုရှိစေဖို့လည်း စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု လားရှိုးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။ လားရှိုးမြို့၌ ၁၉၈၈ခုနှစ်မတိုင်မီက ကတ္တရာလမ်းအရှည် ၁ မိုင် ၀ဒသမ၅ဖာလုံ၊ ကျောက်ခင်းလမ်းအရှည် ၁ မိုင် ၆ ဖာလုံ၊ မြေသားလမ်း ၄ မိုင်နှင့် ၁ဒသမ၂၈ဖာလုံသာရှိခဲ့သည်။ ယနေ့ နိုင်ငံတော်အစိုးရလက်ထက်တွင် လားရှိုးမြို့၏ ကတ္တရာလမ်းအရှည်မှာ မိုင် ၇၀ နှင့် ၆ ဒသမ ၈၄ ဖာလုံ၊ ကျောက်ခင်းလမ်း ၆မိုင်နှင့် ၁ဒသမ၉၂ဖာလုံအထိ တိုးတက်လာသည်။

၁၉၈၈ မတိုင်မီက မြို့နယ်စည်ပင်များ အနေဖြင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိခဲ့ပါ။ လက်ရှိ နိုင်ငံတော်အစိုးရလက်ထက်တွင် ကျေးလက်လမ်းနှင့်တံတားများ တိုးတက်ကောင်းမွန်ရေးအတွက် မြို့နယ်စည်ပင်များက ဆောင်ရွက်ပေးနိုင်ခဲ့သည်။



လားရှိုးမြို့အဝင် လမ်းမကြီးနှင့် ဆိုင်းဘုတ်ကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

လားရှိုးမြို့ပေါ်တွင် လားရှိုးတက္ကသိုလ်ကြီးနှင့် လားရှိုးမြို့၏ အနီးပတ်ဝန်းကျင်၌ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် များကိုလည်း တည်ဆောက်ပေးထားပြီး ဖြစ်၍ ဒေသနေလူငယ်လူရွယ်များ ပညာသင်ယူခွင့် အခွင့်အလမ်းများ တိုးပွားလာ။ တစ်ချိန်ကဆိုလျှင် ဤဒေသမှ လူငယ်လူရွယ်များသည် ရန်ကုန်နှင့် မန္တလေးမြို့ကြီးများသို့ သွားရောက်ကာ တက္ကသိုလ် တက်ကြရသည်။ ယခုဆိုလျှင် နိုင်ငံတော်အစိုးရ၏ စီမံဆောင်ရွက်ပေးမှုကြောင့် ဒေသနေလူငယ်များ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ကြပေပြီ။

မူဆယ်မြို့ဘက်သို့ ထွက်သည့် လားရှိုး-မူဆယ်ပြည်ထောင်စုလမ်းမကြီးကို ဤသို့ သန့်ရှင်းသပ်ရပ်စွာ တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)



စည်ပင်ဖွံ့ဖြိုးအလှတိုးနေသော လားရှိုးမြို့ မြင်ကွင်းတစ်စိတ်တစ်ဒေသ။ (မြန်မာ့အလင်း)

တည်ဆောက်ပေးနိုင်ခဲ့

ထို့ကြောင့်ပင် လားရှိုးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသတွင် ကတ္တရာလမ်း ခြောက်မိုင်နှင့် ၇ဒသမ၂ ဖာလုံ၊ ကျောက်ခင်းလမ်း ၁၅၈ မိုင်နှင့် ၁ ဒသမ ၉၃ ဖာလုံ၊ မြေသားလမ်း ၁၃၇ မိုင်နှင့် ၆ ဒသမ ၄၄ ဖာလုံအထိ ဖောက်လုပ်ပေးနိုင်ခဲ့ပြီ။ တစ်ဖန် လားရှိုးမြို့ပြ၌ တံတား ၂၆စင်း၊ ကျေးလက်ဒေသတွင် တံတားကြီးငယ် ၁၇၃ စင်း တို့ကိုလည်း တည်ဆောက်ပေး နိုင်ခဲ့ပေပြီ။

သို့ပါ၍ လားရှိုးမြို့သည် မည်သည့်ခေတ်နှင့်မျှ မတူအောင် တည်ငြိမ်အေးချမ်းမှုနှင့်အတူ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်ဝေဆာလာခဲ့ပြီ ဖြစ်ပါကြောင်း သတင်းခရီးအဖြစ် ကွင်းဆင်းစေ့ငုရေးသားလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

တပ်မတော်ဖြိုခွဲမည့်အကြံ ဒို့လက်မခံ (၁)

မောင်မှတ်

တပ်မတော်ဟာ မောင်မှတ်တို့နိုင်ငံရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနဲ့ထပ်တူ ရှင်သန်ပေါက်ဖွားလာခဲ့တဲ့ အမျိုးသားရေးအင်အားစုကြီး ဖြစ်ပါတယ်။ တပ်မတော်ရယ်လို့ စတင်သန္ဓေတည်ခဲ့ချိန်ကစပြီး ယခုအချိန်ထိတိုင် မောင်မှတ်တို့ နိုင်ငံအတွက်၊ မောင်မှတ်တို့ပြည်သူအတွက် စွမ်းစွမ်းတမံ ရပ်တည်ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့ အစဉ်အလာကောင်းကို ပိုင်ဆိုင်ခဲ့သလို ပြည်သူထဲက ပေါက်ဖွားလာခဲ့ပြီး ပြည်သူ့အကျိုးကို ဆတက်ထမ်းပိုးသယ်ပိုးနေတဲ့ ပြည်သူ့တပ်မတော်လည်း ဖြစ်ပါတယ်။

တပ်မတော်ရဲ့ သမိုင်းဂုဏ်ရောင်ထွန်းပြောင်တဲ့ စွမ်းဆောင်အောင်မြင်မှုတွေကြောင့် မောင်မှတ်တို့နိုင်ငံဟာ လွတ်လပ်ရေးကို ပြန်လည်အရယူနိုင်ခဲ့ပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်မှာ ဂုဏ်တင့်နိုင်ခဲ့သလို မောင်မှတ်တို့ ပြည်သူတွေဟာလည်း သူ့ကျွန်ဘဝ၊ သူ့ကျွန်တွင်းက လွတ်မြောက်ပြီး လွတ်လပ်တဲ့ သခင်လူမျိုး၊ သခင်ပြည်သူများအဖြစ် ဝင့်ကြွားဂုဏ်ယူစွာ ရပ်တည်ရှင်သန်ခွင့် ရရှိခဲ့ခြင်းဖြစ်ပါတယ်။ ဒါ့အပြင် တပ်မတော်ဟာ မောင်မှတ်တို့ တိုင်းရင်းသားပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို အစဉ်တစိုက် စောင့်ရှောက်ကာကွယ်မှု ပေးနိုင်ခဲ့သလို နိုင်ငံရဲ့အချုပ်အခြာအာဏာ ဆုံးရှုံးရတော့မယ့်၊ ပြည်သူတွေရဲ့ လုံခြုံမှုနဲ့ တည်ငြိမ်အေးချမ်းမှု ပျက်ပြားရတော့မယ့် အခြေအနေမျိုး ရောက်လေတိုင်း နိုင်ငံနဲ့ပြည်သူကို မှဲ့တစ်ပေါက်မသန်းရအောင် ကယ်တင်စောင့်ရှောက်ရင်း ရှေ့တန်းက မားမားမတ်မတ် ရပ်တည်ကာကွယ် စွမ်းဆောင်ပေးနိုင်ခဲ့တာကိုလည်း အသိအမှတ်ပြုရမှာသာ ဖြစ်ပါတယ်။

ဒီနေ့ဒီအချိန်မှာတော့ တပ်မတော်ဟာ မောင်မှတ်တို့နိုင်ငံနဲ့ ပြည်သူအတွက် အဓိကအမျိုးသားရေး အင်အားစုကြီးတစ်ရပ်အဖြစ် ရပ်တည်ပြီး အမျိုးသားနိုင်ငံရေးလမ်းကြောင်းမှန်အတိုင်း ဒီမိုကရေစီနိုင်ငံတော်သစ်ဆီကို တည့်မတ်စွာ လှမ်းချီမျက်မှောက်ပြုနိုင်ဖို့အတွက် လက်တွဲဦးဆောင် လမ်းပြလျက် ရှိနေပါတယ်။ မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ဖော်ဆောင်ပြီး မောင်မှတ်တို့ ပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီပန်းတိုင်ဆီကို အရှိန်အဟုန်နဲ့ ဦးဆောင်ချီတက်လျက်ရှိသလို တစ်ဖက်ကလည်း နိုင်ငံနဲ့ပြည်သူအတွက် တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို အခိုင်အမာ ဖြစ်ထွန်းရှင်သန်လာအောင် ပျိုးထောင်တည်ဆောက်ပေးလျက်ရှိပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စတဲ့ အခြေခံအဆောက်အအုံ (Infra-structure)အားလုံးကို နေ့မအားညမနား ပုံဖော်တည်ဆောက်ပေးလျက်ရှိတာကို မောင်မှတ်တို့အားလုံး မျက်မြင်ကိုယ်တွေ့ပါပဲ။

ဒါကြောင့်လည်း မောင်မှတ်တို့ပြည်သူက ဒီနေ့တပ်မတော်အစိုးရအပေါ် ယုံကြည်အားကိုးလျက်ရှိတဲ့အပြင် ဒီနေ့ လက်တွေ့ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုတွေ၊ လက်ရှိတည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုတွေနဲ့အပြိုင် ပြည်သူအားလုံးရဲ့ လူမှုအကျိုးစီးပွား ဖြစ်ထွန်းမြင့်မားတိုးတက်လာမှုတွေအပေါ် အားရကျေနပ်ပြီး အပြည့်အဝ ထောက်ခံအားပေးလျက်ရှိပါတယ်။ ဒါ့အပြင် အရင်တုန်းကလို လက်နက်ကိုင်တိုက်ခိုက်မှုတွေ၊ ဆူပူအကြမ်းဖက်မှုတွေ ပြန်ဖြစ်လာမှာကို အထူးပဲ စိုးရိမ်ပူပန်ကြပါတယ်။ အလားတူ ရရှိထားပြီးဖြစ်တဲ့ တည်ငြိမ်အေးချမ်းမှုတွေ၊ ဖွံ့ဖြိုးတိုးတက်မှုတွေ၊ လူမှုစီးပွားအခွင့်အလမ်းတွေ နှောင့်နှေးရပ်တန့်သွားမှာ၊ ဆုတ်ယုတ်ပျက်ပြားသွားမှာကိုလည်း လုံးဝ မလိုလားပါဘူး။

ဒါကြောင့် လက်ရှိဖွံ့ဖြိုးတိုးတက်မှုတွေ ဆက်လက်ဖြစ်ထွန်းရှင်သန်နိုင်အောင်၊ တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းနဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းနိုင်အောင် တပ်မတော်ရဲ့ အခန်းကဏ္ဍဟာ သိပ်ကိုအရေးကြီးတယ်ဆိုတာ နားလည်ယုံကြည် စွဲမြဲထားကြပါတယ်။ တပ်မတော်ခိုင်မာမှ နိုင်ငံနဲ့ပြည်သူရဲ့အနာဂတ် ခိုင်မာမှာဖြစ်သလို တပ်မတော် အင်အားတောင့်တင်းပါမှ အနာဂတ်နိုင်ငံတော်ရဲ့အင်အား တောင့်တင်းကြံ့ခိုင်မှာ မြေကြီးလက်ခတ်မလွဲ မဟုတ်လား။ ဒါကြောင့် မောင်မှတ်တို့က တပ်မတော်ကို ချစ်လည်းချစ်၊ ယုံလည်းယုံကြည်အားကိုးပြီး တပ်မတော်အင်အား တောင့်တင်းခိုင်မာစေချင်တာ အမှန်ပါပဲ။ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမယ်ဆိုတာကို အကြွင်းမဲ့ လက်ခံယုံကြည်ထားပြီးသားဖြစ်ပါတယ်။

ဒါပေမယ့် မောင်မှတ်တို့က **တပ်မတော် အင်အားတောင့်တင်းပြီး ခိုင်မာစေချင်တာ မှန်သော်လည်း အဲဒီတပ်မတော်ကိုပဲ အင်အားချည့်နဲ့ပြီး ပြိုကွဲသွားစေချင်တဲ့ အကြံပက်စက် ဆန်ကောလောက်မှ ဇောက်မနက်တဲ့သူတချို့ ရှိနေသေးတာကိုလည်း သတိပြုမိပါတယ်။ သူတို့ကတော့ အာဏာမျက်နှာ တစ်ခုတည်းကြည့်ပြီး ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့ လက်တစ်ဆုပ်စာ ပြည်တွင်းသစ္စာဖောက် ပုဆိန်ရိုးအုပ်စုပါပဲ။ ငါအာဏာရဖို့၊ ငါ့အုပ်စု ကောင်းစားဖို့အတွက် တပ်မတော်ပြိုကွဲမှဖြစ်မယ်၊ တပ်မတော်အင်အားချည့်နဲ့ ယိုင်လဲသွားမှ ငါ့လှေငါထိုး၊ ငါ့မြင်းငါစိုင်း ထင်ရာစိုင်းပြီး ထင်တိုင်းကြဲလိုက်ဦးမယ်ဆိုတဲ့ ထင်တစ်လုံးနဲ့ တပ်မတော်ကို ပြိုကွဲအောင်၊ အင်အားချည့်နဲ့အောင်၊ အမျိုးသားနိုင်ငံရေး လမ်းကြောင်းကနေ ယိမ်းယိုင်သွေဖည်သွားအောင် အမျိုးမျိုး ကြိုးစားဖြိုခွဲထိုးနှက်နေကြပါတယ်။ တပ်မတော်ပြိုကွဲရင် နိုင်ငံလည်းပြိုကွဲပြီး ပုဆိန်ရိုးအုပ်စုအပါအဝင် မောင်မှတ်တို့ ပြည်သူအားလုံး ခေတ်သစ်ကိုလိုနီကျွန်ဘဝပြန်ရောက်သွားမယ်ဆိုတာကို ထည့်တွက်ဆင်ခြင်နိုင်ပုံ မရပါဘူး။ မမျှော်မှန်းနိုင်တဲ့ ဆိုးကျိုးတွေ တသီကြီး ကြုံလာနိုင်တယ်ဆိုတာကိုလည်း စဉ်းစားသုံးသပ်နိုင်ပုံမရှိပါဘူး။ ဒီလို အာဏာနောက်ကိုသာ ငမ်းငမ်းတက်လိုက်ရင်း တစ်နပ်စားဉာဏ်နဲ့ အကြံကုန်ဂဠုန်ဆားချက် လုပ်ရပ်တွေ မဆင်မခြင်လုပ်နေတာတွေဟာ နိုင်ငံနဲ့ပြည်သူအတွက် အလွန်ပဲ အန္တရာယ်ကြီးလှပါတယ်။**

မောင်မှတ်ဘာလို့ ဒီလိုပြောရသလဲဆိုရင် အခုတလော အစိုးရဆန့်ကျင်ဘက်အုပ်စုတွေက တပ်မတော်အပေါ် အမျိုးမျိုး လုပ်ကြံသွေးထိုး လိမ်ညာပြီး ဖြိုခွဲရေးလုပ်ငန်းတွေ စိုက်လိုက်မတ်တတ်လုပ်လာတာကို တွေ့နေရလို့ပါပဲ။ ၂၀၀၉ခုနှစ် ဒီဇင်ဘာ နောက်ဆုံးပတ်ဝန်းကျင်ကစပြီး မိုးလုံးပြည့် မုသာဝါဒီ ဘီဘီစီအသံလွှင့်ဌာန ကနေ တပ်မတော်ဖြိုခွဲရေး ထုတ်လွှင့်ချက်တွေ လီဆယ်လုပ်ကြံ ထုတ်လွှင့်နေတာ တစ်မျိုးပြီးတစ်မျိုး မရိုးရအောင်ပါပဲ။ ဘီဘီစီရဲ့ ဒီဇင်ဘာလ ၂၃ရက်နေ့ အသံလွှင့်ချက်မှာ ပဲခူးတိုင်း အနောက်ခြမ်းက ပြည်ခရိုင်မှာ အခြေစိုက်နေတဲ့ တပ်မ(၆၆) လက်အောက်ခံ တပ်ရင်း သုံးရင်းမှာ တပ်ဖွဲ့ဝင်တွေရဲ့ အာဏာဖီဆန်မှုတွေ ဖြစ်ခဲ့တယ်လို့ သိရကြောင်း၊ အဲဒီတပ်ရင်းတွေကတော့ ခမရ (၈၀)၊ (၆၈)နဲ့ ခမရ (၇၅)တို့ဖြစ်ပြီး အဲဒီတပ်ရင်းက အရာရှိတွေနဲ့ စစ်သည်တွေအားလုံးက အာဏာဖီဆန်ကြတာဖြစ်ကြောင်း၊ အဓိက ကတော့ သူတို့ရဲ့ စားဝတ်နေရေး အခက်အခဲတွေကို ဖြေရှင်းပေးဖို့ တောင်းဆိုထားပြီး ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၇ရက်နေ့ကတည်းက အမိန့်မနာခံဘဲ အလုပ်မဆင်းကြဘူးလို့ သိရကြောင်း စသဖြင့် အသံလွှင့်သွားတာကို တွေ့ရပါတယ်။

နောက်တစ်ခါ ဒီဇင်ဘာလ ၂၉ရက်နေ့မှာလည်း ဘီဘီစီကနေ ပဲခူးအခြေစိုက် တပ်မ(၇၇) ဌာနချုပ် တိုးချဲ့တပ်အတွင်းမှာ ရဲဘော်တွေ နုတ်ထွက်စာတင်ခဲ့ကြလို့ တပ်ကို ထောက်လှမ်းရေးတွေက ဝန်းရံပြီး အဝင်အထွက် ပိတ်ထားရကြောင်း၊ နုတ်ထွက်စာတင်တဲ့ တပ်တွေကို ယာယီလုပ်ငန်းတွေ ရပ်ဆိုင်းထားပြီး အနားပေးထားသလို ရဲဘော်တွေကိုလည်း တပ်အပြင်ထွက်ခွင့်မပေးဘဲ ထောက်လှမ်းရေး တပ်တွေနဲ့ အပြင်မှာစောင့်ကြည့်ခိုင်းထားကြောင်း၊ ဒီကိစ္စကို ဘယ်လိုဖြေရှင်းကြမလဲဆိုတာ မသိရသေးပေမယ့် ရဲဘော်တွေအကြားမှာတော့ တပ်ကနေ နုတ်ထွက်ရင် ထောင်ဒဏ် တစ်နှစ်ကနေ သုံးနှစ်အထိ ကျခံရနိုင်တယ်လို့ ဆိုနေကြကြောင်း စသဖြင့် လုပ်ကြံဖန်တီး ထုတ်လွှင့်သွားခဲ့ပြန်ပါတယ်။

နောက်တစ်ခါ ဒီနှစ်ဆန်း ဇန်နဝါရီလ ၃ရက်နေ့မှာလည်း ဘီဘီစီကနေ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှာ တပ်ကနေ စုပေါင်းနုတ်ထွက်မှုတွေရှိနေကြောင်း၊ အလားတူ ရန်ကုန်မြို့မှာရှိတဲ့ တပ်မတော် စစ်ထောက်လှမ်းရေးဌာနချုပ်မှာလည်း အစုလိုက် နုတ်ထွက်မှုတွေ ရှိနေတယ်လို့ သိရကြောင်း၊ တစ်ခါ တပ်မ(၇၇)နဲ့ တပ်မ(၆၆)ရဲ့ အခြေအနေဟာ တင်းမာလာနိုင်တဲ့အတွက် ပစ်ခတ်မှုတွေဖြစ်လာမှာကို တပ်မိသားစုတွေက စိုးရိမ်လာနေကြောင်း ဆက်တိုက်ဆိုသလို ထုတ်လွှင့်သွားခဲ့တာကိုလည်း တွေ့ရှိရပါတယ်။

အလားတူ ဇန်နဝါရီလ ၁၁ရက်နေ့ ဘီဘီစီအသံလွှင့်ချက်မှာ ပြီးခဲ့တဲ့လတုန်းက အာဏာဖီဆန်ခဲ့တဲ့ တပ်မ (၆၆)က တပ်ရင်းတစ်ရင်းဖြစ်တဲ့ ခမရ(၈၀)မှာ မနေ့ညတုန်းက ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း၊ ၁၀မိနစ်လောက် ပစ်ခတ်ကြရာက သုံးဦးလောက် ဒဏ်ရာရကြပြီး အဲဒီအထဲက ထောက်လှမ်းရေးတပ်ကြပ်ကြီးတစ်ဦးကတော့ ပြင်းထန်တဲ့ဒဏ်ရာနဲ့ ရွာတောင်နားက တပ်ဆေးရုံဆီ ပို့လိုက်ရတယ်လို့ အင်းမရွာသားတွေကဆိုကြောင်း၊ ခမရ(၈၀)ကို သူ့ရဲ့အနားမှာရှိတဲ့ ထောက်လှမ်းရေး ခမရ(၅)က စစ်ဆေးစရာရှိတယ်ဆိုပြီး သွားစစ်ရာမှာ အစစ်မခံဘဲ ပြဿနာတက်ကြပြီး ပထမ ရိုက်ကြနှက်ကြရာကနေ နောက်ပိုင်း သေနတ်နဲ့ ပစ်ကြကြောင်း၊ အမိန့်မနာခံမှုဖြစ်ခဲ့တဲ့ အဲဒီတပ်ရင်းမှာ အခုလိုပစ်ခတ်မှုတွေအထိ ဖြစ်လာတဲ့အတွက် တပ်မိသားစုတွေကလည်း အလွန်ပဲ စိုးရိမ်လာနေကြကြောင်း၊ တပ်မ(၆၆)ရဲ့ ခမရ(၈၀)၊ (၆၈)၊ (၇၅) တပ်ရင်းတွေဟာ စားဝတ်နေရေးအခက်အခဲကြောင့် ပြီးခဲ့တဲ့ ဒီဇင်ဘာလ တတိယအပတ်ကတည်းက အာဏာဖီဆန်လာခဲ့ခြင်းဖြစ်ကြောင်း၊ အဲဒါကြောင့် လုံခြုံရေးအရ ထောက်လှမ်းရေးတပ်တွေက သူတို့ကို ဝိုင်းထားခဲ့တာဖြစ်ကြောင်း၊ အာဏာဖီဆန်တဲ့ တပ်ရင်းတွေကလည်း ကနေ့အထိ အာဏာဖီဆန်နေဆဲဖြစ်တဲ့အတွက် အဲဒီတပ်တွေကို အနားပေးထားရာကနေ အခုလို ပစ်ခတ်မှုတွေအထိ ဖြစ်လာခဲ့တာဖြစ်ကြောင်း လုပ်ကြံဖန်တီး သတင်းပေးပို့မှုကို ထုတ်လွှင့်သွားခဲ့ပြန်ပါတယ်။

ဆက်လက်ပြီး ဇန်နဝါရီလ ၁၂ရက်
မှာတော့ နောက်ဆက်တွဲသတင်းအဖြစ် အ
ပြင်းထန်တဲ့ ခမရ(၅)က ထောက်လှမ်း
အင်းမရွာနဲ့ ရွာတောင်ကြားမှာရှိတဲ့
သေဆုံးသွားခဲ့ကြောင်း၊ တကယ်ဆိုရင်
တပ်တွင်း စားဝတ်နေရေး အဆင်မပြေရာ
အတွက် အာဏာဖီဆန်မှုတွေ ဖြစ်လာ
ပစ်ခတ်မှုတွေအထိ ဖြစ်လာခဲ့တဲ့အတွက် ဒီ
အကြောင်းမမြင်ဘူးလို့ ဒေသခံတွေက
သပ်လျှိုလီဆယ်စကားတွေကို မဟုတ်မ
ထုတ်လွှင့်သွားတာကို တွေ့ရပါတယ်။

ဘီဘီစီရဲ့ အဲဒီမိုးလုံးပြည့် မုသာဝါ
ဆန်ခလာဘူရီက ဘီဘီစီသတင်းထောက်
ဖန်တီးသတင်းပေးပို့နေတာဖြစ်တယ်လို့ ဆို
ချက်တွေနဲ့အညီ အင်တာနက်ဝက်ဘ်ဆိုက်
လည်း တပ်မတော်ဖြိုခွဲရေး သွေးခွဲသပ်လျှို
ရေးသားချက်တွေ ဟန်ချက်ညီ ပေါ်ထွက်
ဒါ့အပြင် တပ်မတော်အတွင်းမှာ စားဝ
အဘက်ဘက်က အဆင်မပြေမှုတွေ ရှိနေတာ
ရတာပါဆိုပြီး စွပ်စွဲအပုပ်ချနေတာကိုလည်း

**တကယ်တော့ ဘီဘီစီရဲ့ အဲဒီအသံလွှင့်
ရေးနေ၊ လွှင့်နေ၊ ပြောနေကြတာတွေ အ
မဟုတ်ပါဘူး။ သက်ဆိုင်ရာ နေရာဒေသ၊ တပ်
ဖီဆန်မှု၊ နုတ်ထွက်စာတင်မှု၊ မကျေနပ်မှု စ
ဂဃနဏ သေချာစုံစမ်းကြည့်တော့ ပစ်ခတ်
ရန်ဖြစ်တာကလေးတောင် မရှိခဲ့ဘူးလို့ ကြာ
ကိုသိရင် မိုးလုံးပြည့် မုသာဝါဒီတွေရဲ့ ရေ
အားလုံးဟာ မဟုတ်မမှန် လီဆယ်လုပ်ကြံ
အလိုကျ တပ်တွင်းစည်းလုံးညီညွတ်မှု ပြိ
ပြိုကွဲအောင် ပုံစံအမျိုးမျိုးနဲ့ သွေးထိုးသွေး
ဆိုတာ ထင်ရှားလှပါတယ်။**

မောင်မှတ် နားလည်သလောက်ပြော
ဦးသန်းနဲ့ ဘီဘီစီတို့ အားရပါးရ မြိုင်မြို
လီဆယ်ထုတ်လွှင့်နေတဲ့ တပ်မ(၆၆) လက်
(၆၈)နဲ့ ခမရ (၇၅)ဆိုတာ လုံးဝမဟု
လက်အောက်မှာ ခမရ (၈၀)၊ ခမရ (
တပ်တွေ လုံးဝမရှိပါဘူး။ အလိမ်အညာ
တွေပီပီ ဖြစ်စဉ်ဖြစ်ရပ်တွေကို လိမ်ညာလုပ်
တောင် အခင်းဖြစ်ပွားရာ တပ်/ဌာနကိုဖေ
တကယ်ရှိနေတဲ့ အနေအထားနဲ့ မဖြစ်သင့်
ကိုယ်လုပ်ကြံဇာတ်လမ်းဆင်ချင်တဲ့ တပ်/ဌ
တောင် သေသေချာချာ လေ့လာမှုမရှိဘဲ

တပ်မတော် အင်အားတောင့်တင်းပြီး ခိုင်မာစေချင်တာ မှန်သော်လည်း အဲဒီတပ်မတော်ကိုပဲ အင်အ
ပြိုကွဲသွားစေချင်တဲ့ အကြံပက်စက် ဆန်ကောလောက်မှ ဇောက်မနက်တဲ့သူတချို့ရှိနေသေးတာကို
ပြုမိပါတယ်။ သူတို့ကတော့ အာဏာမျက်နှာ တစ်ခုတည်းကြည့်ပြီး ဘယ်သူသေသေ ငတေမာရင်
လက်တစ်ဆုပ်စာ ပြည်တွင်းသစ္စာဖောက် ပုဆိန်ရိုးအုပ်စုပါပဲ။ ငါအာဏာရဖို့၊ ငါ့အုပ်စု ကောင်း
တပ်မတော်ပြိုကွဲမှဖြစ်မယ်၊ တပ်မတော်အင်အားချည့်နဲ့ ယိုင်လဲသွားမှ ငါ့လှေငါထိုး၊ ငါ့မြင်းငါစိုင်း ထ
ထင်တိုင်းကြဲလိုက်ဦးမယ်ဆိုတဲ့ ထင်တစ်လုံးနဲ့ တပ်မတော်ကို ပြိုကွဲအောင်၊ အင်အားချည့်နဲ့အောင်၊ အ
ရေးလမ်းကြောင်းကနေ ယိမ်းယိုင်သွေဖည်သွားအောင် အမျိုးမျိုး ကြိုးစားဖြိုခွဲထိုးနှက်နေကြပါတယ်။
ပြိုကွဲရင် နိုင်ငံလည်းပြိုကွဲပြီး ပုဆိန်ရိုးအုပ်စုအပါအဝင် မောင်မှတ်တို့ ပြည်သူအားလုံး ခေတ်သစ်ကို
ပြန်ရောက်သွားမယ်ဆိုတာကို ထည့်တွက်ဆင်ခြင်နိုင်ပုံ မရပါဘူး။ မမျှော်မှန်းနိုင်တဲ့ ဆိုးကျိုးတွေ
ကြုံလာနိုင်တယ်ဆိုတာကိုလည်း စဉ်းစားသုံးသပ်နိုင်ပုံ မရှိပါဘူး။ ဒီလို အာဏာနောက်ကိုသာ င
လိုက်ရင်း တစ်နပ်စားဉာဏ်နဲ့ အကြံကုန်ဂဠုန်ဆားချက် လုပ်ရပ်တွေ မဆင်မခြင် လုပ်နေတာတွေ
ပြည်သူအတွက် အလွန်ပဲ အန္တရာယ်ကြီးလှပါတယ်။

ဆက်လက်ပြီး ဇန်နဝါရီလ ၁၂ရက်နေ့ ဘီဘီစီအသံလွှင့်ချက်မှာတော့ နောက်ဆက်တွဲသတင်းအဖြစ် အဲဒီပစ်ခတ်မှုမှာ ဒဏ်ရာပြင်းထန်တဲ့ ခမရ(၅)က ထောက်လှမ်းရေးတပ်ကြပ်ကြီးကတော့ အင်းမရွာနဲ့ ရွာတောင်ကြားမှာရှိတဲ့ စစ်ဆေးရုံကိုအရောက်မှာ သေဆုံးသွားခဲ့ကြောင်း၊ တကယ်ဆိုရင် တပ်မ(၆၆) အတွင်းမှာ တပ်တွင်း စားဝတ်နေရေး အဆင်မပြေရာက ဖြေရှင်းမှုတွေ မရှိတဲ့အတွက် အာဏာဖီဆန်မှုတွေ ဖြစ်လာပြီးတော့ နောက်ဆုံးမှာ ပစ်ခတ်မှုတွေအထိ ဖြစ်လာခဲ့တဲ့အတွက် ဒီပြဿနာဟာ ပြေလည်စရာအကြောင်းမမြင်ဘူးလို့ ဒေသခံတွေက ဆိုနေကြကြောင်း သွေးခွဲသပ်လျှိုလီဆယ်စကားတွေကို မဟုတ်မဟတ် လုပ်ဇာတ်ထိုးပြီး ထုတ်လွှင့်သွားတာကို တွေ့ရပါတယ်။

ဘီဘီစီရဲ့ အဲဒီမိုးလုံးပြည့် မုသာဝါဒ အသံလွှင့်ချက်တွေကို ဆန်ခလာဘူရီက ဘီဘီစီသတင်းထောက် ဦးသန်းဆိုသူက လုပ်ကြံဖန်တီးသတင်းပေးပို့နေတာဖြစ်တယ်လို့ ဆိုပါတယ်။ အဲဒီအသံလွှင့်ချက်တွေနဲ့အညီ အင်တာနက်ဝက်ဘ်ဆိုက်တွေ၊ ဘလော့ဂ်တွေမှာလည်း တပ်မတော်ဖြိုခွဲရေး သွေးခွဲသပ်လျှိုတဲ့ မဟုတ်မမှန်လုပ်ကြံရေးသားချက်တွေ ဟန်ချက်ညီ ပေါ်ထွက်လာတာတွေ့ရပါတယ်။ ဒါ့အပြင် တပ်မတော်အတွင်းမှာ စားဝတ်နေရေးကျပ်တည်းပြီး အဘက်ဘက်က အဆင်မပြေမှုတွေ ရှိနေတာကြောင့် ဒီလိုတွေ ဖြစ်နေရတာပါဆိုပြီး စွပ်စွဲအပုပ်ချနေတာကိုလည်း ကြားသိရပါတယ်။

တကယ်တော့ ဘီဘီစီရဲ့ အဲဒီအသံလွှင့်ချက်တွေအပါအဝင် အခုလိုရေးနေ၊ လွှင့်နေ၊ ပြောနေကြတာတွေ အားလုံး တစ်ခုမှ အမှန်မဟုတ်ပါဘူး။ သက်ဆိုင်ရာ နေရာဒေသ၊ တပ်ရင်းတပ်ဖွဲ့တွေမှာ အာဏာဖီဆန်မှု၊ နုတ်ထွက်စာတင်မှု၊ မကျေနပ်မှု စတာတွေ လုံးဝမရှိခဲ့ပါဘူး။ ဂဃနဏ သေချာစုံစမ်းကြည့်တော့ ပစ်ခတ်မှုဆိုတာ ဝေလာဝေးလို့ ရန်ဖြစ်တာကလေးတောင် မရှိခဲ့ဘူးလို့ ကြားသိရပါတယ်။ အဖြစ်မှန်ကိုသိရင် မိုးလုံးပြည့် မုသာဝါဒီတွေရဲ့ ရေးသားထုတ်လွှင့်ချက်တွေအားလုံးဟာ မဟုတ်မမှန် လီဆယ်လုပ်ကြံပြီး ပြည်တွင်းပုဆိန်ရိုးတွေအလိုကျ တပ်တွင်းစည်းလုံးညီညွတ်မှု ပြိုကွဲအောင်၊ တပ်မတော်ပြိုကွဲအောင် ပုံစံအမျိုးမျိုးနဲ့ သွေးထိုးသွေးခွဲနေခြင်းသာ ဖြစ်တယ်ဆိုတာ ထင်ရှားလှပါတယ်။

မောင်မှတ် နားလည်သလောက်ပြောရရင် သတင်းထောက် ဦးသန်းနဲ့ ဘီဘီစီတို့ အားရပါးရ မြိုင်မြိုင်ဆိုင်ဆိုင်ကြီး လုပ်ကြံလီဆယ်ထုတ်လွှင့်နေတဲ့ တပ်မ(၆၆) လက်အောက်ခံ ခမရ (၈၀)၊ (၆၈)နဲ့ ခမရ (၇၅)ဆိုတာ လုံးဝမဟုတ်ပါဘူး။ တပ်မ(၆၆) လက်အောက်မှာ ခမရ (၈၀)၊ ခမရ (၇၅)၊ ခမရ (၆၈)ဆိုတဲ့ တပ်တွေ လုံးဝမရှိပါဘူး။ အလိမ်အညာ မုသာဝါဒ အသံလွှင့်ဌာနတွေပီပီ ဖြစ်စဉ်ဖြစ်ရပ်တွေကို လိမ်ညာလုပ်ကြံ ထုတ်လွှင့်မယ်ဆိုရင်တောင် အခင်းဖြစ်ပွားရာ တပ်/ဌာနကိုတော့ လက်တွေ့မြေပြင်မှာ တကယ်ရှိနေတဲ့ အနေအထားနဲ့ မဖြစ်သင့်ပေဘူးလား။ အခုတော့ ကိုယ်လုပ်ကြံဇာတ်လမ်းဆင်ချင်တဲ့ တပ်/ဌာနရဲ့ အမည်နဲ့အမှတ်ကိုတောင် သေသေချာချာ လေ့လာမှုမရှိဘဲ ဇာတ်လမ်းဖြစ်ရင်ပြီးရော

တကယ်တော့ ဘီဘီစီရဲ့ အဲဒီအသံလွှင့်ချက်တွေ အပါအဝင် အခုလိုရေးနေ၊ လွှင့်နေ၊ ပြောနေကြတာတွေ အားလုံး တစ်ခုမှ အမှန်မဟုတ်ပါဘူး။ သက်ဆိုင်ရာ နေရာဒေသ၊ တပ်ရင်းတပ်ဖွဲ့တွေမှာ အာဏာဖီဆန်မှု၊ နုတ်ထွက်စာတင်မှု၊ မကျေနပ်မှု စတာတွေ လုံးဝမရှိခဲ့ပါဘူး။ ဂဃနဏ သေချာစုံစမ်းကြည့်တော့ ပစ်ခတ်မှုဆိုတာ ဝေလာဝေးလို့ ရန်ဖြစ်တာကလေးတောင် မရှိခဲ့ဘူးလို့ ကြားသိရပါတယ်။ အဖြစ်မှန်ကိုသိရင် မိုးလုံးပြည့် မုသာဝါဒီတွေရဲ့ ရေးသားထုတ်လွှင့်ချက်တွေအားလုံးဟာ မဟုတ်မမှန် လီဆယ်လုပ်ကြံပြီး ပြည်တွင်းပုဆိန်ရိုးတွေ အလိုကျ တပ်တွင်းစည်းလုံးညီညွတ်မှု ပြိုကွဲအောင်၊ တပ်မတော်ပြိုကွဲအောင် ပုံစံအမျိုးမျိုးနဲ့ သွေးထိုးသွေးခွဲနေခြင်းသာ ဖြစ်တယ်ဆိုတာ ထင်ရှားလှပါတယ်။

ဆိုပြီး ဖြောင်လိမ်ဖြောင်စားပုံစံမျိုးကတော့ ရက်ဖို့ကောင်းလွန်းလှပါတယ်။

သူတို့ ထုတ်လွှင့်တဲ့ ခမရ(၈၀)၊ ခမရ (၆၈)၊ ခမရ (၇၅) ဆိုတာတွေ မဟုတ်တော့ ခလရတွေများ ဖြစ်နေမလားဆိုပြီး မောင်မှတ် စေ့ငုကြည့်မိပါတယ်။ ဒီတော့ ခလရ (၇၅) ဆိုတာ အင်းမမှာ ရှိတာမဟုတ်တဲ့အပြင် တပ်မ(၆၆) လက်အောက်ခံ တပ်ရင်းလည်း မဟုတ်ပြန်ပါဘူး။ ခလရ (၆၈)ဆိုတာကတော့ အဲဒီ အုတ်ဖို၊ အင်းမ၊ ပြည်တစ်ကြောမှာ လုံးဝမရှိတဲ့ တပ်လို့ သိရပြန်ပါတယ်။ ဒီလောက်ဆိုရင် ဦးသန်းတို့၊ ဘီဘီစီတို့ အနေနဲ့ လိမ်တာတောင် အဆင့်ရှိရှိ ပိပိရိရိ မလိမ်ဘဲ ပေါက်ပန်းဈေးလမ်းဘေးစကားကို လိုရာဆွဲ အဆစ်ထပ်ဆောင်းပြီး သာသာထိုးထိုး လိမ်သွားတယ်ဆိုတာ ထင်ရှားလှပါတယ်။ ဒါ့အပြင် မောင်မှတ် ကြားသိမိသလောက် တပ်မ(၆၆)က တပ်ရင်း ခမရ (၈၀)မှာ ပစ်ခတ်မှုတွေ ဖြစ်တယ်ဆိုတဲ့ညဟာ ၁၀-၁-၂၀၁၀ရက်နေ့ (တနင်္ဂနွေနေ့)ည ဖြစ်ပါတယ်။ တိုက်တိုက်ဆိုင်ဆိုင် ပြည်စွယ်တော်၊ ပေါင်းတည်စွယ်တော်ပြီးရင် အဲ့ဒီဒေသမှာ အစည်ကားဆုံးဖြစ်တဲ့ အင်းမရွှေကျောင်းကြီး ဘုရားပွဲကို ၄-၁-၂၀၁၀ ကနေ ၁၁-၁-၂၀၁၀ထိ မြိမ့်မြိမ့်သဲ ကြက်ပျံမကျ ကျင်းပနေတယ်လို့ သိရပါတယ်။ အဲဒီဘုရားပွဲမှာ ရွာနီးချုပ်စပ်က ပြည်သူတွေရော အင်းမတပ်တွေကရဲဘော်တွေပါ ပွဲခင်းထဲမှာ ပျော်တပြုံးပြုံး စားကြသောက်ကြ ဝယ်ကြခြမ်းကြ ပွဲကြည့်ကြနဲ့ အင်မတန် စည်ကားပြီး ကြီးကြီးမားမားရန်ပွဲတောင် မရှိခဲ့ဘူးလို့ ဆိုပါတယ်။ ဘီဘီစီပြောသလို ပစ်တာခတ်တာ၊ သေတာကျေတာ၊ အဝင်အထွက်တွေ ပိတ်ထားတာ လုံးဝမရှိဘဲ စစ်သည်တွေရော မိသားစုတွေပါ ပွဲခင်းထဲမှာ ပျော်လို့မဆုံး တပြုံးပြုံးဖြစ်နေခဲ့ကြပါကြောင်း အဖြစ်မှန်၊ အခြေအနေမှန်ကို မောင်မှတ်သိသလောက် ပြန်ပြီးဖောက်သည်ချလိုက်ရပါတယ်။ ။

(ဆက်လက်ဖော်ပြပါမည်)

း အဲဒီတပ်မတော်ကိုပဲ အင်အားချည့်နဲ့ပြီး
တဲ့သူတချို့ ရှိနေသေးတာကိုလည်း သတိ
ယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့
ဏာရဖို့၊ ငါ့အုပ်စု ကောင်းစားဖို့အတွက်
ငါ့လေငါထိုး၊ ငါ့မြင်းငါစိုင်း ထင်ရာစိုင်းပြီး
င်၊ အင်အားချည့်နဲ့အောင်၊ အမျိုးသားနိုင်ငံ
ားဖြိုခွဲထိုးနှက်နေကြပါတယ်။ တပ်မတော်
ပြည်သူအားလုံး ခေတ်သစ်ကိုလိုနီကျွန်ဘဝ
မျှော်မှန်းနိုင်တဲ့ ဆိုးကျိုးတွေ တသီကြီး
လို အာဏာနောက်ကိုသာ ငမ်းငမ်းတက်
မဆင်မခြင် လုပ်နေတာတွေဟာ နိုင်ငံနဲ့

၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့
ဦးတည်ချက် (၅)ရပ်

၁။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

၂။ တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ် တားဆီးရေး၊

၄။ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက် ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

၅။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ နေပြည်တော်လယ်ဝေး၌ ခင်းကျင်းပြသ

သတင်းမှတ်စု-မြင့်မောင်စိုး ❖ ဓာတ်ပုံ-မျိုးမင်းသိန်း(မရမ်းကုန်း) ❖ စာမျက်နှာဖွဲ့စည်းမှု-မာမာစိုး(မြန်မာ့အလင်း)

နေပြည်တော် ဇန်နဝါရီ ၂၂

ယာဉ်မတော်တဆမှု အန္တရာယ် လျော့ပါးစေရန်နှင့် ယာဉ်အန္တရာယ် သတိမူစေရေးအတွက် နေပြည်တော် လယ်ဝေး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ဒုတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲကို ယနေ့ နံနက်ပိုင်းက နေပြည်တော်လယ်ဝေး ဖောင်တော်ချက်မဘုရားကွင်း၌ ကျင်းပသည်။

နေပြည်တော်ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မင်းဇော်နှင့် တာဝန်ရှိသူများ နေပြည်တော်လယ်ဝေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။ (မြန်မာ့အလင်း)

ကြည့်ရှုအားပေး

အခမ်းအနားသို့ နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မင်းဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ယင်းအခမ်းအနားသို့ နေပြည်တော် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအောင်ခင်၊ နေပြည်တော် လယ်ဝေး၊ နေပြည်တော်တပ်ကုန်း၊ နေပြည်တော်ပျဉ်းမနားတို့မှ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အခြေခံပညာ ကျောင်းများမှ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် ပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်

ရှေးဦးစွာ နေပြည်တော်လယ်ဝေး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ နေပြည်တော်လယ်ဝေး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအောင်လွင်နှင့် ဒုတိယ ရဲမှူးကြီး အောင်နိုင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် နေပြည်တော်လယ်ဝေး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးအောင်လွင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခဲ့ခြင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မင်းဇော်နှင့်တာဝန်ရှိသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ပြသသွားမည်

အဆိုပါ ပြပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ပြခန်း၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ပြခန်း၊ စိုက်ပျိုးရေးပြခန်း၊ ပညာရေးပြခန်း၊ လယ်ယာသုံး စက်ကိရိယာများပြခန်း၊ စက်မှုလယ်ယာဦးစီးဌာနပြခန်း၊ အောင်ချမ်းသာ စပါးခွံဓာတ်ငွေ့ထုတ်စက်ပြခန်းနှင့် အရောင်းဆိုင်များ လာရောက်ခင်းကျင်းပြသကြသည်။ ပြပွဲတွင် ညပိုင်းဖျော်ဖြေရေး အစီအစဉ်များ ထည့်သွင်းထားပြီး ဇန်နဝါရီ ၂၂ရက်မှ ၂၄ရက်အထိ သုံးရက်တိုင်တိုင် ခင်းကျင်းပြသလျက်ရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

နေပြည်တော်လယ်ဝေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲသို့ ပြည်သူများ လာရောက်ကြည့်ရှုကြစဉ်။ (မြန်မာ့အလင်း)

❍ ရှေ့ဖုံးမှ

ကြည့်ရှုစစ်ဆေး

ယင်းနောက် မိုင်းရှူးမြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးဝါးကုသမှုခံယူလျက်ရှိသော ဒေသခံပြည်သူ လူနာများအားအားပေးစကားပြောကြားကာ အလှူငွေများကို ပေးအပ်၍ အရေးပေါ်လူနာခန်း၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်းနှင့် ဆေးကုသပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအတွက် ဆေးဝါးပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်အားကစားကွင်း၊ မိုင်းရှူးမြို့၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့် မြို့မဈေးအတွင်း ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို အမြဲမပြတ် ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

အမှာစကားပြောကြား

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် မိုင်းကောင်တပ်နယ်ခန်းမ၌ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ တပ်နယ်မိသားစုများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး အဝတ်အထည်နှင့် သုတစုံစာစောင်များကို ပေးအပ်သည်။

ဆက်လက်၍ မိုင်းကောင် ကျေးလက်ကျန်းမာရေးဌာန ဆေးကုသဆောင်၌ ဆေးဝါးကုသမှု ခံယူလျက်ရှိသော လူနာများအား အားပေးစကားပြောကြားကာ အလှူငွေများနှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်သည်။

တွေ့ဆုံနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် မိုင်းကောင်ကျေးရွာခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားပြီး အဝတ်အထည်များကို ပေးအပ်ကာ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် ညနေပိုင်းတွင် တန့်ယန်းမြို့ အမှတ်(၂)ရပ်ကွက်၌ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားကာ လက်ဆောင်ပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် မိုင်းရှူးမြို့နယ် ပြည်သူ့ဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဥမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် ဥမြို့ မြို့မဈေး၊ ဈေးတွင်းလမ်း ကွန်ကရစ်ခင်းခြင်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသန်းစိုးဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မြတ်ဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သွေးလှူရှင်ဂုဏ်ပြုပွဲ ကျင်းပမည်

မန္တလေး ဇန်နဝါရီ ၂၂

(၃၃)ကြိမ်မြောက် သွေးလှူရှင်ဂုဏ်ပြုပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် မြန်မာနိုင်ငံဆရာဝန်များအသင်းတိုက် မန္တလေး၌ ကျင်းပမည်ဖြစ်ရာ ၁၆-၁၁-၂၀၀၈ မှ ၁၅-၁၁-၂၀၀၉ အတွင်း သွေးလှူဒါန်းခဲ့သော ၂၅ကြိမ်၊ အကြိမ် ၄၀၊ ၅၀၊ ၅၅၊ ၆၀၊ ၆၅၊ ၇၀၊ ၇၅၊ ၈၀၊ ၈၅၊ ၉၀၊ ၉၅ကြိမ်၊ အကြိမ် ၁၀၀နှင့် အကြိမ် ၁၀၀ အထက် သွေးလှူရှင်များသည် အမျိုးသားသွေးလှူဘဏ် မန္တလေးသို့ ဆက်သွယ်ကြရန်နှင့် အလှူငွေနှင့် ပစ္စည်းများကို အမျိုးသားသွေးလှူဘဏ် အထွေထွေရောဂါကုဆေးရုံကြီး မန္တလေးမြို့သို့ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ *(ကျန်းမာရေး)*

ယခုအပတ်ထုတ် News Watch (စောင့်ကြည့်) ဂျာနယ် ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၂

မော်ဒယ်မြင့်ကားအပါအဝင် ကားအစီးပေါင်း ၄၂၅စီး ရောင်းချမည်၊ ကျပ်ငါးသိန်းတန် Prepaid Top-up Card များ စတင်ရောင်းချ၊ ခြင်းဖုန်း၊ လိုင်းဖုန်း၊ ဆဲလ်လူလာဖုန်းများဈေးတက်၊ ပါရမီတက္ကစီမီတာမချို့၍ အရေးယူပြီ၊ မန္တလေးမြို့တော်သောက်သုံးရေအလုံအလောက်ရအောင် စီမံချက်ဖြင့်ဆောင်ရွက်နေ၊ အစိုးရပိုင်စီးပွားရေးလုပ်ငန်း ၁၁၀ ပုဂ္ဂလိကသို့ လွှဲတော့မည်။

ရန်ကုန်-မန္တလေးလမ်းပေါ် ဆိုင်ကယ်မှောက်၍ လူရွှင်တော်မေတ္တာ၊ မီမီမြင့်အောင်နှင့် ဒရမ်မာသမားတို့ သေဆုံးနေကြတ်ခြင်းကြောင့် နောက်ဆက်တွဲ ဘာတွေဖြစ်လာမလဲ နာမည်ကျော်အဟောဆရာများက ပြောကြားချက်၊ မန္တလေးမဟာမုနိဘုရားကြီး မျက်နှာသစ်တော်ရေအတွက် နှစ်များစွာ တာဝန်ယူဆောင်ရွက်ခဲ့သော မန္တလေးရေတော် ဆရာတော်၏အကြောင်း၊ မီးရထားမရှိခဲ့သည့် ရခိုင်နယ် ၂၀၁၀ မေလတွင် ရထားလမ်းဖွင့်တော့မည်၊ ပုပ္ပားတောင်မှ ဈေးသည်တချို့၏ ဘုရားဖူးများအတွက် အနှောင့်အယှက်၊ ဆရာလူထုစိန်ဝင်း၏ ပန်းတိုင်ကဘာလဲ၊ ဒီမိုကရေစီသုံးသပ်ဝေဖန်ချက်၊ ပါမောက္ခဦးသံစစ်(အသည်းအထူးကု)၏ လူနာအန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်ရမည့် ဆရာဝန်များ၏ နည်းလမ်း၊ ဘုရင့်နောင်ဈေး၊ သီရိမင်္ဂလာဈေးများမှပစ္စည်းများ ဈေးအတက်အကျ၊ ဆေးဝါးမိတ်ဆက်နှင့်ဆေးဝါးအန္တရာယ်၊ ဗိုလ်ချုပ်အောင်ဆန်းပန်းခြံ၏သမိုင်း၊ အနုပညာပစ္စည်းမူပိုင်ခွင့်ကိစ္စ၊ မြစ်ဝကျွန်းပေါ် ကုန်စည်စီးဆင်းရာ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု။

မြန်မာကြိုက်ကိုရီးယားမင်းသမီး ဂျန်နာရာ၊ ပြည်ပနာမည်ကျော် သရုပ်ဆောင်များ၊ ၂၀၀၈ခုနှစ် အကယ်ဒမီပေးပွဲမှာ ဇန်းကိုင်ရမည့် သက်သခင်၊ နန်းမြတ်ဖြိုးသင်း၊ ယမင်းမြင့်သိန်း၊ နိုဘယ်ကျော်ကျော်၊ ဝါဆိုမိုးဦးစတဲ့ ကွမ်းတောင်ကိုင်များ။

ပရီမီယာလိဂ်ပွဲစဉ်နှစ်ခု သုံးသပ်ချက်၊ တစ်ပတ်အတွင်း စောင့်ကြည့်ရမည့်ပွဲစဉ်များ၊ ဓာတ်ငွေ့ဘောလုံး ၅၅လုံးနှင့် ကောင်းကင်တက်ခဲ့သူ၊ ငါးပေ သုံးလက်မ ငါးခူကြီးတစ်ကောင်ဖမ်းမိတဲ့ မျက်မမြင်တစ်ဦး၊ တစ်နှစ်သား အိုဘားမားအပြောနှင့် အလုပ်ညီရဲ့လား၊ ဆိုမာလီဓားပြ ပြဿနာကြီးကျယ်လာ၊ လူအများအပြားကို သတ်ခဲ့သူ ဆက်ဒမ်ဟူစိန်ရဲ့ညီသေဒဏ်ပေးပြီ … စသည့် မြန်မာ့သတင်း၊ ကမ္ဘာ့သတင်းများနှင့် ပရိသတ်ကို ဝေဝေဆာဆာဖော်ပြနေသည့် News Watch (စောင့်ကြည့်) သတင်းဂျာနယ်ထွက်ရှိနေပြီဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၃-၁-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူ ကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေး တင့်အောင်)
၇:၅၅ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၅ ၆။ အတီးပြိုင်ပွဲ
၈:၁၅ ၇။ တေးဂီတအစီအစဉ်
၈:၃၀ ၈။ International News
၈:၃၅ ၉။ Crossroads Cafe (Episode-26) Wings of Change
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ ချစ်စရာ့အရွယ် ကစားကြမယ်
၁၁:၄၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၁:၅၅ ၅။ Yan Can Cook
၁၂:၃၀ ၆။ နိုင်ငံခြား ဇာတ်လမ်းတွဲ ဟာသကမ္ဘာ (အပိုင်း-၆၅)
၁၃:၂၀ ၇။ သက်တံရောင်သံစဉ်
၁၃:၃၅ ၈။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၁၃:၄၅ ၉။ **ဇမ္ဗူဒီပါမှာ ထွန်းတဲ့ကျွန်း** လွင်မိုး၊ မင်းဦး၊ ခန့်စည်သူ၊ စိုးမြတ်နန္ဒာ (ဒါရိုက်တာ-မောင်သီ)
၁၄:၃၀ ၁၀။ တေးဂီတအစီအစဉ်
၁၄:၄၅ ၁၁။ International News
၁၅:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၄:၂၀ ၃။ အကျိုးပြုအားမာန် ဆည်ရေလှောင်တမံ(ရင်းရှည်)
၄:၃၀ ၄။ တေးဂီတအစီအစဉ်
၄:၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (မြန်မာစာ၊ မြန်မာမှုပညာ၊ အရှေ့တိုင်းပညာ အထူးပြုများ) (အရှေ့တိုင်းပညာ)
၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၀ ၇။ အကပြိုင်ပွဲ
၅:၂၀ ၈။ **ရင်နှစ်ပန်းတို့လန်းစေချင်** ဖြိုးငွေစိုး၊ မိုးယုစံ၊ မျိုးသန္တာထွန်း၊ ခင်စိုးပိုင်၊ အေးသီတာ ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)
၅:၃၅ ၉။ ချစ်စရာ့အရွယ် ကစားကြမယ်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ အလှရှာမယ် လှကမ္ဘာဝယ်
၆:၄၅ ၁၃။ ယဉ်တစ်ကိုယ်မယ် မြစ်တစ်စင်းရဲ့အသံ နဒီဝင့်နိုင် (ဒါရိုက်တာ-ခေတ်ဘုန်းမို)
၇:၀၀ ၁၄။ နိုင်ငံခြား ဇာတ်လမ်းတွဲ တော်ဝင်နှလုံးသား(အပိုင်း-၆)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ ကာတွန်းအစီအစဉ် ဒိုင်နိုဆောမိသားစုစွန့်စားခန်း (အပိုင်း-၇၉)
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေဖူးစာလည်** (အပိုင်း-၁)
၂၀။ ဂီတတံခါးလေးဖွင့်ပါဦး

တိုက်လေယာဉ်တစ်စင်း မတော်တဆထိခိုက် ပျက်စီးမှုဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန် မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ်မှ F-7 အမျိုးအစား တိုက်လေယာဉ်တစ်စင်းသည် ဇန်နဝါရီ ၂၂ရက် နံနက်ပိုင်းတွင် လေ့ကျင့်ပျံသန်းမှု ပြုလုပ်နေရာမှ နံနက် ၁၀နာရီ ၁၅မိနစ်ခန့်တွင် မင်္ဂလာဒုံလေယာဉ်ကွင်းသို့ အဆင်း၌ ရုတ်တရက် ထိခိုက်ပျက်စီးမှုဖြစ်ပွားခဲ့ပြီး လေယာဉ်ပေါ်ပါရှိသူ လေသူရဲတစ်ဦး အသက်ဆုံးရှုံးမှု ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၁-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+အင်္ဂလိမာလသုတ် ဓဇဂ္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **ကံဖွင့်ခြင်းနှင့် ဉာဏ်ဖွင့်ခြင်း** တရားတော် ဘဒ္ဒန္တကုဏ္ဍာဝုဓာဘိဝံသ (ထူးကြီးဆရာတော်)
၇:၀၀ MRTV-4 သတင်း
၇:၄၅ ပန်းချီပြခန်း(9 PLXEL ပန်းချီပြပွဲ)
၈:၀၀ Box Office Movies
၈:၃၀ Sports World (Hand Ball)
၈:၅၅ ဓမ္မပူဇာတေးအလင်္ကာနှင့် မြတ်ဗုဒ္ဓသို့ ဂီတဦ္ဓလီ
၉:၁၅ Activities in the City အင်းဝစာအုပ်တိုက် (စပျစ်ခိုင်နှင့်အခြားဝတ္ထုတိုများ စာအုပ်လက်မှတ်ရေးထိုးခြင်း)
၉:၄၀ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀:၄၅ Myanma Naples Beach & Aureum Palace Resort
၁၁:၁၅ သွားမယ်စားမယ် (Phoenix Court Chinese Restaurant)
၁၁:၄၅ ဟူးကောင်းချိုင့်ဝှမ်းမှ ဆင်သုတေသနလုပ်ငန်း
၁၂:၁၀ ရလဒ်ကောင်းများနှင့် Organic
၁၂:၂၅ Activities in the City ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်း၏ ဆုနှင်းသဘင် အခမ်းအနားများ
၁:၀၀ **ကံဖွင့်ခြင်းနှင့် ဉာဏ်ဖွင့်ခြင်း** တရားတော် ဘဒ္ဒန္တကုဏ္ဍာဝုဓာဘိဝံသ (ထူးကြီးဆရာတော်)
၂:၀၀ MRTV-4 သတင်း
၂:၄၅ Fashion Music Festival Hip Hop ကမ်းခြေ(၁)
၃:၂၅ စက္ကူရွက်ဝေရှမ်းထီးသက်သေ
၃:၄၅ ငွေဆောင်ဒေသရဲ့ သရက်တောထိုးမုန့်
၃:၅၀ ဓမ္မပူဇာတေးအလင်္ကာနှင့် မြတ်ဗုဒ္ဓသို့ဂီတဦ္ဓလီ
၄:၁၀ အင်တာနက်လမ်းညွှန် (Website အညွှန်း)(အပိုင်း-၁)
၄:၂၀ Activities in the City အင်းဝစာအုပ်တိုက် (စပျစ်ခိုင်နှင့်အခြားဝတ္ထုတိုများ စာအုပ်လက်မှတ်ရေးထိုးခြင်း)
၄:၄၅ Myanma Naples Beach & Aureum Palace Resort
၅:၁၅ လေလှိုင်းကြားမှဖြေကြား ပရိသတ်များ အမေးစကား
၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ သွားမယ်စားမယ် (Phoenix Court Chinese Restaurant)
၆:၅၀ သဘာဝကပေးတဲ့အကျိုးအာနိသင် **လိမ္မာလာပြီ** ညီဘွား၊ နှင်းနန္ဒာဝင်း၊ ချစ်ဖွယ်၊ ဘဂျမ်း၊ မောင်ငယ်၊ ခေါလေး၊ စိုးလင်းဦး၊ ဩဘာ [ဒါရိုက်တာ-ကြည်သာ(ပွဲကြိုက်ခင်)]
၇:၁၅ Fashion Music Festival Hip Hop ကမ်းခြေ(၁)
၈:၀၀ MRTV-4 သတင်း
၈:၃၀ Shooting Making **(မှားခွင့်ရှိက်ကွင်း)**
၈:၅၅ Box Office Movies
၉:၂၅ FA Cup (Everton Vs Birmingham)
၁၁:၃၀ FA Cup (Spur Vs Leeds)
၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်များ	ပြသမည့်လိုင်း
၇:၀၀	Preston North End-Chelsea	ESPN(Live)
၉:၂၅	Everton - Birmingham	ESPN(Live)
၁၁:၃၀	Tottenham-Leeds	ESPN(Live)

အထက်ပိုင်းဒေသများ၌ ညအပူချိန်လျော့လာ

နေပြည်တော် ဇန်နဝါရီ ၂၂

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၅ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ဒေသများတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့တွင် -၁ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့နှင့် လွိုင်လင်မြို့တို့တွင် ၂ဒီဂရီစင်တီဂရိတ်စီနှင့် လားရှိုးမြို့တွင် ၅ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဇန်နဝါရီ ၂၃ရက်ညနေအထိ ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းတွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

● *ကျောဖုံးမှ*

တည်ဆောက်ထား

ယင်းနောက် မြိတ်မြို့သစ်၌ ရေမော်မွေးမြူထုတ်လုပ်ခြင်း လုပ်ငန်း၏ ရေမော်နမူနာမွေးမြူထားရှိမှုနှင့် အဆောက်အအုံတည်ဆောက်မည့် မြေနေရာ၊ မြိတ်မြို့သစ်ဆိပ်ခံတံတားနှင့် သင်္ဘောဝင်ထွက်မှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြိတ်မြို့သစ် ဖော်ထုတ်ရေးဦးစီးကော်မတီ ရှင်းလင်းဆောင်၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြိတ်မြို့သစ်ဖော်ထုတ်ရေးဦးစီးကော်မတီမှ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များအားတွေ့ဆုံ၍ တာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြမှုအပေါ် လုပ်ငန်းလိုအပ်ချက်များ မှာကြားကာ မြို့သစ်အတွင်း အဆောက်အအုံများနှင့် ဆိပ်ခံတံတားများ တည်ဆောက်ထားရှိမှုတို့ကို မော်တော်ယာဉ်ဖြင့် လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်သည် မြိတ်မြို့အထွေထွေရောဂါကုဆေးရုံကြီး၌ ကျင်းပသည့် မျက်စိဝေဒနာရှင်များအား မျက်စိခွဲစိတ်ကုသမှုအောင်မြင်ခြင်း အထိမ်းအမှတ် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး တိုင်းမှူးက မျက်စိခွဲစိတ်ကုသရေးလုပ်ငန်းများတွင် ခွဲစိတ်ကုသပေးခဲ့ကြသည့် ဆရာဝန်များ၊ အလှူရှင်များနှင့် တာဝန်ရှိသူများအားဂုဏ်ပြုလက်ဆောင်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မျက်စိခွဲစိတ်ပြီးသည့် လူနာများအား မျက်မှန်များတပ်ဆင်ပေးကြပြီး လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်သည် မြိတ်မြို့ နောက်လယ်ရပ်အမှတ် (၂)ဆိပ်ခံတံတားသို့ သွားရောက်၍ ဆိပ်ကမ်းသာယာလှပရေးနှင့် ကမ်းနားပတ်လမ်းဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ဘုတ်ပြင်းမြို့နယ် ပုလဲကျွန်းသို့ရောက်ရှိကာ ပုလဲရတနာခန်းမ၌ ပုလဲထုတ်လုပ်မှုအခြေအနေနှင့်စပ်လျဉ်း၍ တာဝန်ရှိသူ၏ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များကိုမှာကြား၍ တိုင်းမှူးက ဝန်ထမ်းများအတွက် စားသောက်ကုန်များကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်သည် မုတ်ကောင်များ မွေးမြူထားရှိမှု၊ ဝတ်ဆံသွင်းခြင်း ဆောင်ရွက်နေမှုနှင့် ပုလဲထုတ်ယူနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား၍ တိုင်းမှူးက မိသားစုဝင်များအတွက် စားသောက်ကုန်နှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ရေသပိုးကျေးရွာအနီးတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ညောင်ဦးနှင့် မြင်းခြံခရိုင်တို့၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၂

ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦးသည် ဇန်နဝါရီ ၂၀ရက် မွန်းတည့် ၁၂နာရီတွင် ညောင်ဦးခရိုင် ငါ့သရောက်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများအားတွေ့ဆုံ၍ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးအခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်အောင်မြင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားကာ ငါ့သရောက်မြို့နယ်ရဲစခန်း၌ တပ်ဖွဲ့ဝင် မိသားစုများအား အားပေးစကားပြောကြားခဲ့သည်။

ထို့နောက် ဝန်ကြီးသည် ညောင်ဦးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံ၍ အမှာစကားပြောကြားခဲ့သည်။ ဝန်ကြီးသည် ဇန်နဝါရီ ၂၁ရက် နံနက်ပိုင်းတွင် မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့ မြို့နယ် အားကစားခန်းမ၌ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကွန်ဟိန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်မိုးခိုင်နှင့်အဖွဲ့ ပြည်ထောင်စုလမ်းမတွင် Tree Guard နှင့် ဆေးသုတ်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၀ရက်က ဆောင်ရွက်ရာ မြို့နယ်အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော် ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပခုက္ကူဦးအုံးဖေ စာပေဆုရ စာအုပ်များဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၂

မြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ပခုက္ကူဦးအုံးဖေ စာပေဆုရစာအုပ်များကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

အဆိုပါ စာအုပ်များမှာ ၂၀၀၈ခုနှစ် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ကဗျာပေါင်းချုပ် ပထမဆုရ အောင်သာဆန်း(သံတွဲ) ရေးသားသည့် 'တေးသီငှက်၏ ပန်းပေါင်းတစ်ရာ ကဗျာစုစာအုပ်'၊ ကဗျာပေါင်းချုပ် ဒုတိယဆုရ မောင်စောထွန်း (ကျောင်းကုန်း) ရေးသားသည့် 'အမေ့ရွာနှင့် အခြားကဗျာများစာအုပ်'နှင့် ဝတ္ထုတိုပေါင်းချုပ် တတိယဆုရ နေမျိုးသန့် ရေးသားသည့် 'မြေသင်းပျံ့ပျံ့ မိုးရနံ့ဝတ္ထုတိုများစာအုပ်' တို့ဖြစ်သည်။

အဆိုပါစာအုပ်များကို စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင်၊ အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ စာပေဗိမာန်စာအုပ်ဆိုင်မန္တလေးမြို့ ဖုန်း-၀၂-၆၂၉၃၁နှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဆက်သွယ် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

(၂၅၃)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲ၌ ဆုမဲပေါင်း ၁၄၀၆၉ဆု ဖွင့်လှစ်ပေးမည်

ရန်ကုန် ဇန်နဝါရီ ၂၂

(၂၅၃)ကြိမ်မြောက် အောင်ဘာလေ သိန်းဆုဖွင့်ပွဲကို အောင်ဘာလေ သိန်းဆုဌာနခွဲတည်ရှိရာ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့် အမှတ်(၃၈၄)ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ ဖေဖော်ဝါရီ၁ရက် နံနက် ၈နာရီမှ စတင်၍ ညနေ၄နာရီအထိ တစ်ရက်တည်းဖြင့်အပြီး ဖွင့်လှစ်မည်ဖြစ် သည်။

တန်ဖိုးအလိုက်ဆုမဲများမှာ ငွေကျပ်သိန်း(၁၀၀၀)တစ်ဆု၊ ငွေကျပ်သိန်း (၅၀၀) တစ်ဆု၊ ငွေကျပ်သိန်း (၃၀၀) နှစ်ဆု၊ ငွေကျပ် သိန်း(၂၀၀) ငါးဆု၊ ငွေကျပ်သိန်း (၁၀၀) ၁၃ဆု၊ ငွေကျပ်(၁၀) သိန်း ၂၈၆ဆု၊ ငွေကျပ် (၅)သိန်း သုံးဆု၊ ငွေကျပ် (၃)သိန်း ၁၄၄ဆု၊ ငွေကျပ် (၂)သိန်း ဆု၁၂၆၀နှင့် ငွေကျပ် (၁)သိန်း ၁၂၃၅၄ဆု အပါအဝင် ဆုမဲပေါင်း ၁၄၀၆၉ဆုဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၇ရက်က မန္တလေး အောင်မြေသာစံမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းတွင်၂၀၁၀ခုနှစ် ပညာရေးစုံညီပွဲတော် အထိမ်းအမှတ် စားပွဲတင် တင်းနစ်ပြိုင်ပွဲကျင်းပစဉ်။ (၀၉၀)

အိမ်ရာအဆောက်အအုံပြပွဲ ၂၀၁၀- Housing & Building 2010 ရန်ကုန် တပ်မတော်ခန်းမတွင် ကျင်းပမည်

INAX

ရန်ကုန် ဇန်နဝါရီ ၂၂

IEMS Company Limited သည် အိမ်ရာအဆောက်အအုံပြပွဲ ၂၀၁၀- Housing & Building 2010 ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ဖေဖော်ဝါရီ ၅ရက်မှ ၈ရက်အထိ ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပြပွဲတွင် TMW Enterprise မှ Inax ကြွေပြား၊ ကျောက်ပြားများ၊ Sanyo မှ Sosuco ကြွေပြားများ၊ Champion Construction Material မှ အိမ်ခန်းသုံးပစ္စည်းများနှင့် အလှဆင်ပစ္စည်းများ၊ Regency မှ Midea Lighting အလှဆင်မီးသီးနှင့် မီးဆိုင်းများ၊ Octagon Int'l Co.,Ltd.မှ Giant Elevator များ၊ Asia Metal Co.,Ltd. မှ ဆောက်လုပ်ရေးသုံး Metal နှင့် Metal Structure များ၊ Shine Construction & Hyundai Elevator ၊Naing Construction၊ Asterism International မှ ဆောက်လုပ်ရေးသုံးပစ္စည်းများနှင့် အိမ်ရာပုံစံနှင့် အရောင်းပြခန်းများ၊ အိမ်တွင်းအလှဆင်လုပ်ငန်းများ၊ High Tech မှ Concrete နှင့် ဆက်စပ်ပစ္စည်းများ၊ Zaw & Hnin Co.,Ltd. မှ Water proofing & Construction Chemicals များ၊ Rhythm မှ ကမ္ဘာ့နံပါတ်တစ် ခေတ်မီဆန်းသစ်သော နာရီအမျိုးမျိုး၊ T & Y Gruop မှ Landscape လုပ်ငန်းများ၊ Tet Thit Oo Trading မှ (Unaxol) Water Based Wood Lacquer များ၊ TWJS Co.,Ltd. (Hometex)၊Sea Master၊TOA နှင့် Nippon Paint မှ အရည်အသွေးမြင့် အိမ်သုတ်ဆေးများ၊ Golden Hook Co.,Ltd. မှ izen တံဆိပ် အဆင့်မြင့် အီလက်ထရွန်နစ် စနစ်သုံး ဘိုထိုင်ခုံများ၊ Lucky Bird နှင့် NCTC Computer မှ နောက်ဆုံးပေါ် Projector၊ Copier နှင့် Laptop များ၊ MNZ မှ ငွေရေစက်များ၊ Universal Furniture၊ Three Red Stars၊ Timber Land Furniture၊ Ocean Glory၊MK Winner Furnitureနှင့် Gold Coil မှ ခေတ်မီဆန်းသစ်သော Luxury ပရိဘောဂများ၊ Tharaphee မှ Korea Laminate Floor များ၊ Sin Pauk Trading မှ ဗီနိုင်းကြမ်းခင်းများ၊ D & D Co.,Ltd. မှ Interior Decoration ပြခန်းများ၊133 Builder's Hardware's မှ Japan နိုင်ငံထုတ် Sliding Door Closer System များ၊ Aluminium Empire မှ Aluminium Composite Panel များ၊ IEM နှင့် Denyo မှ မီးစက်များ၊ Ever Seiko မှ ရေချိုးခန်းသုံး Stibel Eltron အမှတ်တံဆိပ် အဆင့်မြင့်ရေပူ၊ ရေအေးစက်များ၊ Midea အမှတ်တံဆိပ် Induction Cooker များ၊ Three Friends Trading မှ အဆင့်မြင့် နောက်ဆုံးပေါ် ခြင်ဖမ်းစက်များ၊ Top Fiber Glass မှ အဆင့်မြင့် ရေတိုင်ကီ၊ ထိုင်ခုံ၊အမှိုက်ပုံးများ၊ GSR Stainless Steel မှ Stainless Steel သုံး ခေတ်မီအဆင့်မြင့်ဒီဇိုင်းဆန်းပစ္စည်းများ၊ Allways Hardware Mart မှ ဆောက်လုပ်ရေးလုပ်ငန်းသုံးနှင့် အိမ်တွင်းအလှဆင်ပစ္စည်းများ၊ အလှကမ္ဘာမှ Digital Camera များ၊ SP Group မှ Air Pure တံဆိပ် အဆင့်မြင့် Automatic Air Fresher များ၊ Amtt မှ ဆေးခန်းနှင့် ဆေးရုံသုံးပစ္စည်းများ၊ Khind၊Maco၊ Mistral မှ ခေတ်မီအီလက်ထရွန်နစ် အိမ်သုံးပစ္စည်းများ၊ Phu Pwint မှ Coach Wallet များ၊ Fujiki ရေသန့်စက်နှင့် Battery များ၊ Cosmetics များကို ခင်းကျင်းပြသမည်ဖြစ်သည်။ ပြပွဲတွင် Spanky Music Production MD မျိုးမျိုး(G.R)နှင့်တေးသံရှင်များ၏ ဖျော်ဖြေရေးအစီအစဉ်များအပြင် IEMS Company အနေဖြင့် နေ့စဉ်ကံစမ်းမဲ ဖွင့်လှစ်ပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၄၈-၈၃၁၆၂၈သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ **(သတင်းစဉ်)**

ကိုကိုးကျွန်းခရီးစဉ် သံလွင်သင်္ဘောဖြင့်ပြေးဆွဲမည်

နေပြည်တော် ဇန်နဝါရီ ၂၂

ကိုကိုးကျွန်းမြို့နယ်သို့ လေ့လာရေးခရီးစဉ် တတိယအကြိမ်အဖြစ် ဇန်နဝါရီ ၂၇ရက်မှ ၃၁ရက်အထိ လေးညအိပ် ငါးရက်ခရီးစဉ်ကို မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းမှ သံလွင်သင်္ဘောဖြင့် ပြေးဆွဲသွားမည်ဖြစ်သည်။

ကြည့်ရှုလေ့လာ

ဇန်နဝါရီ ၂၇ရက် နံနက် ၈နာရီတွင် သာကေတ ရှုခင်းသာဆိပ်ကမ်းမှ စတင်ထွက်ခွာမည်ဖြစ်ပြီး ဇန်နဝါရီ ၂၈ရက် နံနက်၆နာရီတွင် ကိုကိုးကျွန်းမြို့နယ်သို့ ရောက်ရှိမည်ဖြစ်သည်။ဇန်နဝါရီ ၂၉ ရက်နှင့် ၃၀ရက်တို့တွင် ကိုကိုးကျွန်းမြို့နယ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာမည်ဖြစ်ပြီး ဇန်နဝါရီ ၃၀ရက် နံနက် ၈နာရီတွင် ကိုကိုးကျွန်းမြို့နယ်မှ ပြန်လည်ထွက်ခွာ၍ ဇန်နဝါရီ ၃၁ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ သာကေတ ရှုခင်းသာဆိပ်ကမ်းသို့ ပြန်လည်ရောက်ရှိမည်ဖြစ်သည်။

သတ်မှတ်

ခရီးစဉ်အတွက် လက်မှတ်ခနှုန်းထားများမှာ ပထမတန်း အိပ်စင်အတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀၊ ဒုတိယတန်း အိပ်စင်အတွက် တစ်ဦးလျှင် ငွေကျပ်၄၀၀၀၀နှင့်ရိုးရိုးတန်း အိပ်စင်အတွက် တစ်ဦးလျှင် ငွေကျပ် ၃၅၀၀၀ သတ်မှတ်ထားကြောင်း သိရှိရသည်။

စီမံထား

ယခုခရီးစဉ်တွင် ဒုတိယအကြိမ် ခရီးစဉ်၌ လိုက်ပါခဲ့သည့် ခရီးသည်များက ခရီးစဉ်၏ အားနည်းချက်များအပေါ် အကြံပြုထားချက်များကိုလေ့လာစိစစ်၍ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ပြန်လည်ဖြည့်ဆည်းပေးထားကြောင်း သိရှိရသည်။သင်္ဘောပေါ်ရှိ ရေချိုးခန်း၊ အိမ်သာများကို ပြန်လည်ပြုပြင်ခြင်း၊ စားသောက်ဆိုင်ကို ယခင်ကထက် အဆင့်မြင့် ဆောင်ရွက်ထားကြောင်း သိရသည်။သင်္ဘောပေါ်မှ စက်လှေအပေါ်သို့ ကူးပြောင်းရာတွင် အန္တရာယ်အနည်းဆုံးဖြစ်အောင် စီမံထားသည်။

ကျွန်းပေါ်၌ ဆိုင်ကယ်နှင့် စက်ဘီးများကို ငှားရမ်းလည်ပတ်နိုင်ရန် စီစဉ်ထားကြောင်း၊ ကားများကိုလည်း ငှားရမ်းလည်ပတ်နိုင်ပြီး ဘုန်းကြီးကျောင်းနှင့် စာသင်ကျောင်းများ၌ အခမဲ့တည်းခိုနိုင်ရန် စီစဉ်ထားသည့်အပြင် လူနေအိမ်များတွင် မိသားစုပုံစံတည်းခိုလိုသူများအတွက် အဆင်ပြေရန်စီစဉ်ထားကြောင်း သိရှိရသည်။

ဆက်သွယ်ဝယ်ယူနိုင်

ခရီးစဉ်အတွက် လက်မှတ်ဝယ်ယူလိုသူများသည် မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း (ရုံးချုပ်)သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း ကမ်းရိုးတန်းခရီးစဉ် လက်မှတ်အရောင်းဌာန သာကေတမြို့နယ် ဖုန်း-၅၄၄၅၆၃နှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အမှတ်(၅၀) ဘဏ်လမ်း (၂)ရပ်ကွက် ကျောက်တံတားမြို့နယ် ဖုန်း-၃၇၀၅၀၇နှင့် ၃၇၀၅၁၂တို့တွင် ဆက်သွယ် ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် ဇန်နဝါရီ ၂၂

မြန်အောင်၌ ကျေးလက်ဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

ရောဝတီတိုင်း ဟင်္သာတခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်အောင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့ ပူးပေါင်း၍ ဒီဇင်ဘာ ၃၀ရက်က ကနောင်နှင့် ငါးပိဆိပ်ကျေးရွာတို့၌လည်းကောင်း၊ ဒီဇင်ဘာ၃၁ရက်က ရွှေကျင်၊ ရိုက်နှင့် မဲဇင်းကျေးရွာများ၌လည်းကောင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် စာကြည့်တိုက်များ သတ်မှတ်စံ(၅)ချက်နှင့်ညီညွတ်စေရေး ညှိနှိုင်းဆောင်ရွက်သည်။ **(မြို့နယ် ပြန်/ဆက်)**

လားရှိုး၌ စာအုပ်စာစောင်များလှူဒါန်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသော အမှတ်(၂၅) အခြေခံပညာမူလတန်းလွန်(နမ့်ခိုက်)ကျောင်းသို့ စာအုပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၆ရက်က အဆိုပါမူလတန်းလွန်ကျောင်း၌ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးတိုးဝင်း၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် ဦးဝင်းလှိုင်ဦးတို့က ကျောင်းစာကြည့်တိုက်အတွက် စာနယ်ဇင်းအဖွဲ့ဝင်များမှ စာအုပ်မျိုးစုံ အုပ်ရေ ၁၀၀၀ကို လှူဒါန်းပြီး မြို့နယ်ပညာရေးမှူး ဒေါ်ခင်အေးလှိုင်က လက်ခံယူသည်။ (ဝ၂၆)

မြစ်ကြီးနား၌ ခေါင်းလောင်းတီး အမှိုက်သိမ်း

ကချင်ပြည်နယ် မြစ်ကြီးနားမြို့အား စိမ်းလန်းစိုပြည်ပြီး သန့်ရှင်းသာယာလှပသော မြို့တော်ဖြစ်စေရန်အတွက် အဖွဲ့ဝန်ထမ်းများဖြင့် ပြည်ထောင်စုလမ်းဘေး ဝဲယာရှိ မြို့သစ်ကြီး၊ မြေမြင့်၊ ယုဇန၊ မြို့သစ်ရပ်ကွက်များနှင့် ဆွမ်ပရာဘွမ်လမ်းဘေး ဝဲယာရှိ ရှေ၊ သီတာနှင့် တပ်ကုန်းရပ်ကွက်များသို့ ခေါင်းလောင်းတီး အမှိုက်သိမ်း စွန့်ပစ်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၅ ရက်ကဆောင်ရွက်ရာ မြို့နယ်အင်ဂျင်နီယာမှူး ဦးခင်မောင်မြင့်နှင့် ဒုတိယဦးစီးမှူး(သန့်) ဦးတင်မောင်ထွေးတို့ ကြီးကြပ်ဆောင်ရွက်ပေးသည်။ **(မြို့နယ်စည်ပင်)**

ရေစကြို၌ နွေစပါးစိုက်ပျိုးရေး တာဝန်ပေးအပ်

ရေစကြိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ၂၀၀၉-၂၀၁၀ နွေစပါးစိုက်ပျိုးရေး စီမံကိန်းတာဝန်ပေးအပ်ပွဲကို ဒီဇင်ဘာ ၃၁ရက်ကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြငွေက အဖွင့်အမှာစကားပြောကြားပြီး နွေစပါးစိုက်ပျိုးရေး စီမံကိန်းတာဝန်များ ပေးအပ်သည်။ (မြို့နယ် ပြန်/ဆက်)

မိုးမောက်မြို့ သော်ကလမ်းခင်းရန် ကျောက်စုဆောင်း

ကချင်ပြည်နယ် မိုးမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းမှ သော်ကလမ်းခင်းရန် ကျောက်စုဆောင်းခြင်းကို ဒီဇင်ဘာ ၂၄ ရက်က အမှုဆောင်အရာရှိ ဦးသန်းဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းစိုးဦးတို့ ကြည့်ရှုစစ်ဆေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဟုမ္မလင်း၌ မူလတန်းကျောင်း(ခွဲ)ဖွင့်

အမှတ်(၂) အခြေခံပညာဦးစီးဌာန အခြေခံပညာမူလတန်းကျောင်း(ခွဲ) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၈ရက် မွန်းလွဲ ၁နာရီက ဟုမ္မလင်းမြို့ ယနနန်ချောကျေးရွာအုပ်စု ပင်ခုတ်ကျေးရွာ၌ကျင်းပရာ ကျောင်းခွဲအား ခေတ္တမြို့နယ်မှူး ရဲအုပ်ကျော်ဆွေ၊ မြို့နယ်ပညာရေးမှူး ဦးကျင်ခိုနှင့် ကျေးရွာဥက္ကဋ္ဌ ဦးဝင်းရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ထူးချွန်ကျောင်းသား ကျောင်းသူများက ဆိုင်းဘုတ်ကို ငွေကြိုးဆွဲ ဖွင့်လှစ်ပေးကြသည်။ (မြို့နယ် ပြန်/ဆက်)

ညောင်ရွှေ၌ အလင်းစာကြည့်တိုက်ဖွင့်လှစ်ရေးဆွေးနွေး

ညောင်ရွှေမြို့နယ် နန်းသဲကျေးရွာအုပ်စု အလင်းစာကြည့်တိုက်အဆောက်အအုံ ဖွင့်လှစ်နိုင်ရေးအတွက် ဒေသခံများနှင့်ဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၈ရက်က နန်းသဲကျေးရွာ ပြင်သာဘုန်းတော်ကြီးကျောင်း၌ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးတင်အောင်က မြို့နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

စာငှားကတ်စနစ် ကျင့်သုံးရေး ဆင်ဘို၌ဆွေးနွေး

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဆင်ဘိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တိုးတိုးမေနှင့် ဝန်ထမ်းများသည် ဒီဇင်ဘာ ၁၅ ရက်က ပင်တော်ကျေးရွာ စာပေစွမ်းအားစာကြည့်တိုက်သို့ရောက်ရှိပြီး စာကြည့်တိုက်မှူး ဦးကျော်စိုး၊ စာကြည့်တိုက်ကော်မတီဝင်များနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ စာငှားကတ်စနစ်ကျင့်သုံးရေးနည်းလမ်းကို ဆွေးနွေးကြသည်။ (မြို့နယ် ပြန်/ဆက်)

မိုးကုတ်၌ မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးဟောပြော

ပြင်ဦးလွင်ခရိုင် မိုးကုတ်မြို့နယ်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် ပညာပေးဟောပြောပွဲကို ဒီဇင်ဘာ၁၁ရက်က အောင်ချမ်းသာရပ်ကွက် အထက(၃)အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးခင်အောင်(ရဲမှူး၊ ငြိမ်း)က ပညာပေးဟောပြောပွဲ ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြီး မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အန္တရာယ်အကြောင်းကို ရဲအုပ်ခင်မောင်ညီက ဟောပြောသည်။ **(မြို့နယ် ပြန်/ဆက်)**

လမ်းပေါက်ဖာထေးခြင်းလုပ်ငန်းဆောင်ရွက်

ညောင်ဦး (ပုဂံ)မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ အနော်ရထာလမ်းတွင်လမ်းပေါက်ဖာခြင်းလုပ်ငန်းကို ဒီဇင်ဘာ၂၈ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်တင်တင်ဝင်း လုပ်ငန်းဆောင်ရွက်နေမှုကို တာဝန်ခံအင်ဂျင်နီယာ အင်ဂျင်နီယာမှူး ဦးမျိုးကျော်စိုးက ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

(၄)မိုင် စံပြကျေးရွာ ရေပိုက်လိုင်းတပ်ဆင်

လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ရေပေးရေးလုပ်ငန်းအဖြစ် ဆောင်ရွက်ခဲ့သော (၄)မိုင် စံပြကျေးရွာ ရေပိုက်လိုင်းတပ်ဆင်ခြင်းလုပ်ငန်းကို ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဝင်းမောင် ကွင်းဆင်းစစ်ဆေးရာ လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် အင်ဂျင်နီယာမှူးတို့က ရှင်းလင်းတင်ပြသည်။ **(မြို့နယ်စည်ပင်)**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် ကုန်းဘောင် ၁၂လမ်းနေ ဒေါ်သန်းရင်အားရည်စူး၍ ဒေါ်သန်းဆွေ၊ ဒေါ်သန်းသန်းနုမိသားစုတို့က ဆေးပဒေသာပင်ငွေကျပ်တစ်သိန်းနှစ်သောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

တာချီလိတ်ခရိုင်ဥက္ကဋ္ဌဖလား ဘောလုံးဗိုလ်လုပွဲယှဉ်ပြိုင်

တာချီလိတ် ဇန်နဝါရီ ၂၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာအုပ်စုအမျိုးသားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဇန်နဝါရီ ၁၁ရက် ညနေ ၃နာရီက မြို့မအားကစားကွင်း၌ လွယ်တော်ခမ်းကျေးရွာအုပ်စုအသင်းနှင့် ပုန်းထွန်ရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လွယ်တော်ခမ်း ကျေးရွာအုပ်စုအသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ ထို့နောက်ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဆုရရှိသော ပုန်းထွန်အသင်းနှင့်နေရာလိုက်အကောင်းဆုံး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ကြသည်။ ဆက်လက်၍ ဒေသခံတပ်နယ်မှ ဗိုလ်မှူးကြီး ခင်မောင်စိုးက ပထမဆုရရှိသော လွယ်တော်ခမ်းကျေးရွာအုပ်စုအသင်းအား ပထမဆုဖလား ချီးမြှင့်ပေးအပ်သည်။

(ခရိုင် ပြန်/ဆက်)

ဖြူးမြို့နယ်၌ ပြည်မြန်မာစာကြည့်တိုက်ဖွင့်

ဖြူး ဇန်နဝါရီ ၂၂

ဖြူးမြို့နယ် ဇေယျဝတီ၌ ပြည်မြန်မာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၆ရက်ကကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဆွေဆွေမိုးနှင့် ဇေယျဝတီကျေးရွာအုပ်စုဥက္ကဋ္ဌဦးအုန်းလှိုင်တို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွင်မင်းက စာကြည့်တိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်အခြားအလှူရှင်များ လှူဒါန်းသည့် စာအုပ်စာစောင်များကို စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဟိန်းလတ်ထွန်းက လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် နွယ်ခွေကျေးရွာ၌ နွယ်ရတနာစာကြည့်တိုက်ဆောက်လုပ်ရန် အလှူငွေများပေးအပ်

ချောင်းဦး ဇန်နဝါရီ ၂၂

စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် နွယ်ခွေကျေးရွာအုပ်စု နွယ်ခွေကျေးရွာ နွယ်ရတနာ စာကြည့်တိုက်ဆောက်လုပ်ရန် နိုင်ငံတော်ခွင့်ပြုငွေကျပ် ၁၀ သိန်းပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၇ ရက် နံနက် ၁၁ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွှန့်မောင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဖိုးချိုက ကျေးရွာစာကြည့်တိုက်များကို သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောက်လုပ်ရေးရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးဖိုးချိုက နိုင်ငံတော်ခွင့်ပြုငွေကျပ် ၁၀သိန်းကို ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ရွှေနှင့် ဦးပေတို့က လက်ခံယူကြသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်စု ၃၂ အုပ်စုမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ရပ်ကွက်ကျေးရွာစာရေးဝန်ထမ်းများနှင့် စာကြည့်တိုက်ကော်မတီဝင်များ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

သံတောင်ကြီး၌ စာအုပ်လှူဒါန်းပွဲကျင်းပ

သံတောင်ကြီး ဇန်နဝါရီ ၂၂

သံတောင်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖွင့်လှစ်သော ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၁၃ရက် နံနက် ၉နာရီက မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် အလှူရှင်တစ်ဦးကိုယ်စား ဒေသခံတပ်နယ်မှ ဗိုလ်ကြီးကိုကိုကြီးက စာအုပ်စာစောင်မျိုးစုံ အုပ် ၃၀၀ကိုပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူး စောတီမသေက လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

မူးယစ်ကင်းစင် အလှဆင်

ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးဆွေးနွေး စာအုပ်များ လှူဒါန်း

ပန်းတနော် ဇန်နဝါရီ ၂၂

မအူပင်ခရိုင် ပန်းတနော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်လှိုင်သည် စာ/ထောက်(၃) ဒေါ်ဌေးဌေးစိုးနှင့် အငယ်တန်းစာရေး ဒေါ်ဥမ္မာကြည်တို့လိုက်ပါလျက် ဒီဇင်ဘာ ၂၉ရက်က တောကျောင်းကျေးရွာအုပ်စု ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ကွင်းဆင်းဆောင်ရွက်ကြသည်။

ဆွေးနွေး

ယင်းနောက် မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့သည် တောကျောင်းကျေးရွာ ပညာအလင်းရောင်စာကြည့်တိုက်တွင် ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ စာကြည့်တိုက်ကို သတ်မှတ်စံ(၅)ချက်နှင့်အညီ စာငှားကတ်စနစ်ကျင့်သုံးရေး ရှင်းလင်းဆွေးနွေးသည်။

ပေးအပ်

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်လှိုင်က စာအုပ်စာစောင် ၁၀၀ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးမန်းတင်ရွှေက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

သာကေတမြို့နယ် စာပေစာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ၂၀၀၉ ခုနှစ် မျက်နှာစုံညီအစည်းအဝေးနှင့် အမှုဆောင်များ ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၇ရက် မွန်းလွဲ ၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ ဦးစိုးကြည်(သာရဝေါစိုးကြည်)က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်း (ဗဟို)မှ ဦးခင်ဆွေ(ရွှေစွန်ညို)က ဂုဏ်ပြုစကားပြောကြားသည်။ **(အောက်ဝဲပုံ)**

ရွေးချယ်

ထို့နောက် အမှုဆောင်သစ်ရွေးချယ်ပွဲကို ဆက်လက်ကျင်းပရာ သာကေတမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဦးအောင်မင်း(မင်းရိုးယဉ်)၊ အတွင်းရေးမှူး ဦးကြည်စိန်(မော်ဝန်းကြည်မြတ်)၊ ဘဏ္ဍာရေးမှူး ဦးမြချစ်(မြချစ်ရွှေတောင်)နှင့် အမှုဆောင်အဖွဲ့ဝင်များအဖြစ် ဦးခင်အောင်(ကေတရီလေး)၊ ဦးကြည်သောင်း(ကြည်သာ)၊ ဦးဘငြိမ်း(ရွှေမြိုင်ဘသန်းတင်)၊ ဦးအောင်မြင့် (အောင်သျှင်သူ၊မဟာမြေ) တို့အား ရွေးချယ် အတည်ပြုကာ စာပေညီလာခံကိုယ်စားလှယ်များအဖြစ် နာယက သာရဝေါစိုးကြည်နှင့် အတွင်းရေးမှူး မော်ဝန်းကြည်မြတ်တို့အား ရွေးချယ်ကြသည်။ **(၁၁၆)**

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာ တောင်ငူမြို့နယ် ဘော်နှင်းစုကျေးရွာ၌ လက်နှိပ်တုံကင်ရေတွင်းသုံးစွဲမှု၊ ကြံ့ခိုင်မှုကို ဇန်နဝါရီ ၁ရက်က လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဦးလေးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးမြင့်လွင်ဦးတို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဆုချီးမြှင့်

လှိုင်မြို့နယ် အလက(၄)အထကခွဲလှိုင်၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၉ရက်က ကျင်းပရာ တတိယတန်းပထမဆုနှင့် မြတ်မင်္ဂလာ ထူးချွန်ဆုရ မအိမြတ်နိုးချိုအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မာလာရီက ဆုချီးမြှင့်စဉ်။ (ပညာရေး)

မေတ္တာရှင်စာကြည့်တိုက် အဆောက်အအုံသစ် မှော်ဘီမြို့နယ် ဖူးကြီးကျေးရွာ၌ဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ဖူးကြီးကျေးရွာ မေတ္တာရှင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၂ ရက်နံနက် ၉ နာရီက အဆိုပါအဆောက်အအုံရှေ့၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမြင့်နှင့် ရပ်မိရပ်ဖဦးသိန်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (အပေါ်ပုံ)

ပေးအပ်လှူဒါန်း

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကျေးရွာစာကြည့်တိုက်သို့ သုတ၊ ရသစာအုပ်များကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးလှစိုးက လက်ခံရယူပြီး စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုသည်။

(မြို့နယ် ပြန်/ဆက်)

လွတ်လပ်ရေးနေ့ အခမ်းအနား မိုးညှင်း၌ ကျင်းပ

မိုးညှင်း ဇန်နဝါရီ ၂၂

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို မိုးညှင်းခရိုင် မိုးညှင်းမြို့ လွတ်လပ်ရေး ကျောက်တိုင်ကွင်း၌ ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ ၂၀မိနစ်က ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော် အလံတင် အခမ်းအနားကျင်းပပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ထံမှပေးပို့သော (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်မောင် စိုးက ဖတ်ကြားသည်။

တက်ရောက်

အခမ်းအနားသို့ ခရိုင်နှင့်မြို့နယ်တို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ရပ်ကွက် ပြည်သူများ တက်ရောက်ကြသည်။(ဝ၀၂)

နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ အလုံမြို့နယ်၌ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

အလုံမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နယ်လှည့်ဟောပြောပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်လှူဒါန်းခြင်းကို ဇန်နဝါရီ ၂၁ရက် မွန်းလွဲ၁နာရီက ဆင်မင်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဆင်မင်းရတနာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် ကျင်းပသည်။

လှူဒါန်း

အဆိုပါအခမ်းအနားတွင် အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဒေါ်ခင်မမက စာကြည့်တိုက်ရှင်သန်ခိုင်မာရေး လုပ်ငန်းစဉ်များကို ရှင်းလင်းဟောပြောပြီး ဆင်မင်းရတနာ စာကြည့်တိုက်သို့ စာအုပ်စာစောင်မျိုးစုံ အုပ် ၂၀၀ ကို ပေးအပ်လှူဒါန်းရာ ဆင်မင်းရပ်ကွက်ဥက္ကဋ္ဌ ဦးမြတ်ကျော်သူက လက်ခံရယူသည်။ (အပေါ်ပုံ)

(မြို့နယ် ပြန်/ဆက်)

ဖရူဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ဒေါ်ဆီးခူကျေးရွာ ဂါလန် ၂၆၀၀ဆံ့ မိုးရေ လှောင်ကန် ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၁၁ရက်က အမှုဆောင်အရာရှိ ဦးလှခေး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဇန်နဝါရီ၃ရက်က ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း ဒုတိယဦးစီးမှူးဦးဝင်းမြင့်ဟန်(ဈေး)နှင့်ဝန်ထမ်းများ၊ ဈေးသူဈေးသားများ ဈေးပိတ်ရက် သန့်ရှင်းရေးဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



ဗဟန်းမြို့နယ် အမှတ်(၂၂) အခြေခံပညာမူလတန်းကျောင်း မိဘဆရာအသင်း၏ ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ဇန်နဝါရီ ၁၄ ရက်က အဆိုပါကျောင်းခန်းမဆောင်၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးလှိုင်က သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမရရှိပြီး မြို့နယ်ဘက်စုံ သချ်ာထူးချွန်ဆုရရှိသူ မချမ်းမြေ့ထိုက်အား ဆုချီးမြှင့်စဉ်။ (၁၃၅)

နိုင်ငံ့ဂုဏ်ရည်စာပေတိုက်မှ စာအုပ်များ ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၂

သေကံမရောက် သက်မပျောက်နှင့်

ကိုယ်တွေ့ဝတ္ထုတိုများ

စာရေးဆရာ အောင်ဇင်၏ (သေကံမရောက် သက်မပျောက်အပါအဝင်) ဝတ္ထုတို ၁၂ပုဒ်ကို စုစည်း၍ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်က ထုတ်ဝေဖြန့်ချိလိုက်သည်။ အဆိုပါ စာအုပ်တွင် တပ်မတော်အရာရှိတစ်ဦး၏ ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော တိုက်ပွဲဖြစ်စဉ်များ၊ ကျောင်းသားလူငယ်ဘဝ အတွေ့အကြုံများ၊ ပြည်သူ့ဝန်ထမ်းတစ်ဦး၏ ဝန်ထမ်းဘဝကြုံတွေ့ ဖြတ်သန်းရမှုများ၊ အနုပညာကို ချစ်မြတ်နိုးသူတစ်ဦး၏ ခံစားချက်များ၊ လူမှုရေးနယ်ပယ်တွင် ကြုံတွေ့ရသည့် ဝိရောဓိအတွေးအမြင်များနှင့် အားပြိုင်မှုများ အစရှိသည်တို့ကို ဝတ္ထုပုံသဏ္ဌာန်ဖြင့် ဖတ်ချင့်စဖွယ်ဖြစ်အောင် ရေးသားဖွဲ့နွဲ့တင်ပြထားသည်။

ဝေဒနာသံစဉ်ရိုင်းများနှင့်

မဂ္ဂဇင်းဝတ္ထုတိုများ

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းတွင် ဖော်ပြပါရှိပြီးဖြစ်သော စာရေးဆရာ ညိုလွမ်းအောင်၏ ဝတ္ထုတို ၁၂ပုဒ်ကို စုစည်းထုတ်ဝေသည့် ဤစာအုပ်တွင် အမေနှင့်သားများ၊ လန်ဒန်ဂိုးဖလိပ်နှင့် ရွှေဒင်္ဂါး၊ ဆက်ထုံး၊ မာရသွန်ကြက်ဝိုင်း၊ ပျိုဖြူသဇင်ရယ် စွဲမိပြီပေါ့ ခက်တယ်၊ မယ်သီ၊ ဘဲဥချိုချဉ်ဟင်း၊ ပါးတစ်ဖက်ကို အရင်းပြု၍၊ ပြင်ရန်မခက်ပါ၊ လွမ်းလိုက်ပါ့ အဘိုးရှင်ရယ်၊ ဝေဒနာသံစဉ်ရိုင်းများ၊ ဖြစ်မှဖြစ်ရလေခြင်း အစရှိသည့် ဝတ္ထုတိုများ ပါဝင်ပြီး လောကလူသားတို့ကြုံတွေ့ရတတ်သည့် အချစ်၊ အမုန်း၊ အပြုံး၊ အငို၊ အချို၊ အခါး၊ ပြောင်းလဲမှုဖြစ်စဉ်များမှ ကိုယ်တိုင်တွေ့ကြုံခဲ့ရသော သံယောဇဉ်နှောင်ဖွဲ့မှုများနှင့် ချစ်မေတ္တာသံစဉ်များကို ဝတ္ထုတိုပုံစံဖြင့် ညက်ညောသိမ်မွေ့စွာ ဖွဲ့ဆိုတင်ပြထားသည်။

ဝယ်ယူရရှိနိုင်

အထက်ပါစာအုပ် နှစ်အုပ်ကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက် (၁) အမှတ် ၅၂၉/

၅၃၀ ကုန်သည်လမ်း စာပေဗိမာန် ရန်ကုန်မြို့ ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၂) သစ္စာလမ်းမကြီး အလက(၁) ရန်ကင်းရှေ့ ဖုန်း-၇၂၅၅၃၀၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ သတင်းနှင့် စာနယ်ဇင်းစာအုပ်အရောင်းဆိုင်၊ မန္တလေးမြို့ ထွန်းဦးစာပေနှင့် နဂါးစာပေ၊ မုံရွာမြို့ အဓိပတိစာပေနှင့် မော်လမြိုင်မြို့ ကျော်ကျော်စာပေတို့၌ တစ်အုပ်လျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဆိပ်ဖြူမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန မကွေးတိုင်း ဆိပ်ဖြူမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၁၃) နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၉)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၁ရက်တွင် သင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။ (အောက်ပုံ)

အဆိုပါ သင်တန်းများတွင် ဒေသခံတိုင်းရင်းသူ ၅၃ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သွေးသည်အသက်

မြစ်ကြီးနားစည်ပင်သာယာရေးအဖွဲ့ ရုံးတွင်း/ရုံးပြင် သန့်ရှင်းသာယာရေးဆောင်ရွက်

မြစ်ကြီးနား ဇန်နဝါရီ ၂၂

မြစ်ကြီးနားမြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများသည် ဇန်နဝါရီ ၂ ရက်က ရုံးဝင်းအတွင်းစိုက်ပျိုးထားသော ဂျပန်မြက်ခင်းလှပရေးအတွက် မြေဆွခြင်း၊ ရာသီပန်းများအစားထိုးစိုက်ပျိုးခြင်းနှင့် ရုံးရှေ့၊ ရုံးနောက်ရှိ ရေမြောင်းများရေမဝင်စေရေး၊ ခြင်ယင်မပေါက်ပွားစေရေးအတွက် အမှိုက်များရှင်းလင်းဖော်ထုတ်ခြင်းဆောင်ရွက်နေမှုကို မြို့နယ်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မိုးက ကြီးကြပ်ဆောင်ရွက်ပေးသည်။ ***(မြို့နယ်စည်ပင်)***

ကြေးနန်းဆက်သွယ်ရေးနယ်ပယ်မှ အထင်ကရသုတေသီ ဒေါက်တာဟာရီနီကွစ်

ကမ္ဘာ့အထင်ကရပုဂ္ဂိုလ်များ | ၁၈၈၉-၁၉၇၆ | တိုး ရေးသားသည်

ကြေးနန်းဆက်သွယ်ရေးနယ်ပယ်မှ အထင်ကရသုတေသီ ဟာရီနီကွစ်ကို ဆွီဒင်နိုင်ငံ နီးလ်စဘီတွင် ၁၈၈၉ခုနှစ် ဖေဖော်ဝါရီ ၇ရက်က ဖွားမြင်သည်။ ၁၉၀၇ခုနှစ်တွင် အမေရိကန်နိုင်ငံ မြောက်ဒါကိုတာတက္ကသိုလ်သို့တက်ရောက်ရန် နီကွစ်သည် အမေရိကန်နိုင်ငံသို့ ပြောင်းရွှေ့သည်။ ထိုတက္ကသိုလ်မှဘွဲ့ရပြီးနောက် ယေးလ်တက္ကသိုလ်သို့ ပြောင်းရွှေ့တက်ရောက်ရာ ၁၉၁၇ ခုနှစ်တွင် ရူပဗေဒပါရဂူဘွဲ့ ဆွတ်ခူးနိုင်ခဲ့သည်။

ထို့နောက် နီကွစ်သည် ဘဲလ်တယ်လီဖုန်းကုမ္ပဏီသို့အင်ဂျင်နီယာအဖြစ်ဝင်ရောက်အလုပ်လုပ်သည်။ ကုမ္ပဏီလက်တွေ့ခန်းအတွင်း၌ ၁၉၅၄ခုနှစ် အငြိမ်းစားယူသည့်အချိန်အထိစွဲစွဲမြဲမြဲလုပ်ကိုင်ဆောင်ရွက်ခဲ့သည်။

ပုံနှိပ်ထုတ်ဝေ

၁၉၂၀ခုနှစ်မှ ၁၉၄၀ခုနှစ်များအတွင်း ကြေးနန်းဆက်သွယ်ရေးလုပ်ငန်းနှင့်ပတ်သက်သည့် သုတေသနစာတမ်းများကို (အတွဲလိုက်)၂ ပုံနှိပ်ထုတ်ဝေခဲ့သည်။ မည်သို့ပင်ဖြစ်စေ ယင်းစာတမ်းများကြောင့်ပင် သိပ္ပံပညာရှင်နယူတန်၏နောက်ပိုင်း ရူပဗေဒပညာရှင် အယ်လ်ဘတ်အိုင်စတိုင်းမှအပ နီကွစ်**(အပေါ်ပုံ)**သည် သိပ္ပံနည်းကျအထောက်အကူပြု ဆောင်ရွက်ချက်များအနက် အထင်ရှားဆုံးသုတေသနပြု ဖော်ထုတ်ပေးနိုင်သူဖြစ်ကြောင်း ထင်ရှားနေပေသည်။ သူသာ အင်ဂျင်နီယာတစ်ဦးမဟုတ်ခဲ့လျှင် သူ့လုပ်ဆောင်ချက်များအနက် အနည်းဆုံး သုံးခုမှာ သိပ္ပံဆိုင်ရာ နိုဗယ်လ်ဆုအတွက်ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့် အဆင့်ရှိသည်ဟုဆိုသည်။

သူ့စာတမ်းများအနက် ပထမဆုံးဖော်ပြလိုသည့်စာတမ်းမှာ ကြေးနန်းပို့ခြင်းသီအိုရီ၏ အချို့သောအကြောင်းအရာများ (၁၉၂၈)ဖြစ်သည်။ ယင်းစာတမ်း၌ ဒီဂျစ်တယ်ပို့လွှတ်ခြင်း၏ အခြေခံပြဿနာအားလုံးနီးပါးကို သူကရှင်းပြထားသည်။

ထိုနှစ်မှာပင် ဒေါက်တာနီကွစ်သည် ဂျွန်ဆင်နှင့်တွဲကာ ပို့လွှတ်မှုစနစ်များအတွင်းမှ အသံ၏ဇာစ်မြစ်ဆိုင်ရာ အခြေခံသီအိုရီကို ပုံနှိပ်ထုတ်ဝေလိုက်ပြန်သည်။

သုတေသနပြု

နောက်ဆုံးအချက်မှာ ဒေါက်တာနီကွစ်သည် တုံ့ပြန်မှုအသံချဲ့စက်များကို လေ့လာသုတေသနပြုတွေ့ရှိခြင်းဖြစ်သည်။ ယင်းတို့၏တည်ငြိမ်မှုကို အကဲဖြတ်ရေးအတွက် ရိုးစင်းသောနည်းလမ်းတစ်ရပ်ကို ညွှန်းထားသည်။

ထို့ပြင် ခြင်းချက်သဘောဆောင်သည့် တည်ငြိမ်မှု၏ဖြစ်စဉ်ကိုလည်း သူကရှင်းပြထားသည်။ နီကွစ်ပုံစံကားချပ်နှင့် နီကွစ်တည်ငြိမ်မှုစံနှုန်းတို့တွင် ယခုအခါ ယင်းအချက်ကို အမှတ်မထင် တွေ့ရှိနေကြပြီဖြစ်သည်။ ။ **ကိုးကား-အင်တာနက်**

$$\Phi(f) = \frac{2Rhf}{e^{\frac{hf}{k_B T}} - 1}$$

သိပ္ပံပညာရှင် နယူတန်၏နောက်ပိုင်း ရူပဗေဒပညာရှင်အယ်လ်ဘတ်အိုင်စတိုင်း မှအပ နီကွစ်သည် သိပ္ပံနည်းကျ အထောက်အကူပြု ဆောင်ရွက်ချက်များအနက် အထင်ရှားဆုံး သုတေသနပြုဖော်ထုတ်ပေးနိုင်သူဖြစ်ကြောင်း ထင်ရှားနေ။

ဘဝအမောပြေ

ဖြစ်ရမယ် . . .

တောင်အာဖရိက ကိတ်ပ်တောင်းမြို့ စားသောက်ဆိုင်တစ်ဆိုင်အတွင်းသို့ အလွန်နှမြောတွန့်တိုသော ကမ္ဘာလှည့်ခရီးသွားတစ်ဦး ဝင်ရောက်လာကာ စားပွဲထိုးအား ခေါ်ယူမေးမြန်းသည်-

ခရီးသွား ။ ။ သစ်သီးဖျော်ရည်တစ်ခွက် ဘယ်လောက်လဲ၊
စားပွဲထိုး ။ ။ ၁၀ဒေါ်လာ။
ခရီးသွား ။ ။ ဈေးများတယ်။ နွားနို့တစ်ခွက် ဘယ်လောက်လဲ။
စားပွဲထိုး ။ ။ ၁၀ဒေါ်လာ။
ခရီးသွား ။ ။ ဈေးများတယ်။ ကော်ဖီတစ်ခွက် ဘယ်လောက်လဲ၊
စားပွဲထိုး ။ ။ ၁၀ဒေါ်လာ။
ခရီးသွား ။ ။ အကုန်ဈေးများနေပါလား။
စားပွဲထိုး ။ ။ ပုံမှန်ရောင်းနေတဲ့ ဈေးနှုန်းတွေပါခင်ဗျာ။
ခရီးသွား ။ ။ ကဲ…ဒါဆို သောက်ရေတစ်ခွက်ပဲ ပေးပါတော့ကွာ၊
စားပွဲထိုး ။ ။ ရေသန့်တစ်ပုလင်း လာချပေးသည်။
ခရီးသွား ။ ။ သောက်ရေကို မြန်မြန်ယူသောက်လိုက်ပြီး ''ကျေးဇူးပဲ..သွားဦးမယ်''
စားပွဲထိုး ။ ။ ငွေရှင်းသွားပါဦး… ရေသန့်တစ်ပုလင်း ၁၅ဒေါ်လာ ကျပါတယ်။
ခရီးသွား ။ ။ 'ဟေ'

ဘဝဒဿန

❒ **Men may have found opportunities in failure and adversity which they could not recognize in more favorable circumstances.**

လူအများသည် ပို၍သက်သောင့်သက်သာရှိသောအချိန်တွင် သတိမပြုမိတတ်ကြသော အခွင့်အလမ်းများကို မအောင်မြင်သည့်အချိန် အခက်အခဲဒုက္ခများကို ကြုံတွေ့နေရချိန်တွင် တွေ့ရှိတတ်ကြ၏။

❒ **Your failure may prove to be an asset, provided you know why you failed.**

သင် အဘယ်ကြောင့် မအောင်မြင်သည်ကိုသိပါက ထိုမအောင်မြင်မှုသည် သင့်အတွက် အဖိုးတန်ပစ္စည်းတစ်ခုပင်ဖြစ်သည်။

နပိုလီယံဟီးလ်

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ

စာမျက်နှာဖွဲ့စည်းမှု - ဝင်းနိုင် (မြန်မာ့အလင်း)

ကမ္ဘာ့တန်ဖိုးအကြီးဆုံးအရုပ်ကား

အမေရိကန်နိုင်ငံ မတ်တယ်လ် ကလေးကစားစရာအရုပ် ထုတ်လုပ်ရေးလုပ်ငန်း၏ နှစ်(၄၀)မြောက် အထိမ်းအမှတ်အဖြစ် ပြုလုပ်ခဲ့သည့် ကားလေးမှာ အမေရိကန်ဒေါ်လာ ၁၄၀၀၀၀ရှိပြီး ကမ္ဘာ့ဈေးအကြီးဆုံး အရုပ်ကားအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခြင်းခံရသည်။ ယင်းအရုပ်ကားလေး၏ပေါင်ကို ၁၈ကာရက်ရှိ ရွှေဖြူဖြင့် ပြုလုပ်ကာ ကိုယ်ထည်တွင် အပြာရောင်၊ အဖြူရောင်နှင့် အနက်ရောင်စိန်ပွင့် ၂၇၀၀ဖြင့် စီခြယ်ပြုလုပ်ထားသည်။(အောက်ပုံ)

(အင်တာနက်)

ကမ္ဘာ့အကြီးဆုံး အိုင်ပေါ့ဒ် (i-Pod)

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်မှ ဂျိုနသန်အိဆိုသူက အက်ပဲလ်အိုင်ဖုန်းနှင့် အိုင်ပေါ့ဒ်ဒီဇိုင်းကို အခြေခံကာ အလျား ၁ဒသမ၂မီတာ၊ အနံ ဝဒသမ၇၅မီတာရှိသည့် အိုင်ပေါ့ဒ်ကို တီထွင်ပြုလုပ်ခဲ့ရာ ကမ္ဘာ့အကြီးဆုံးအိုင်ပေါ့ဒ်အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခြင်းခံရသည်။ ***(အပေါ်ပုံ)***

အမှတ်တရ

ဂျိုနသန်အိက ၄င်းမိတ်ဆွေဖြစ်သူ၏ မွေးနေ့အတွက် အမှတ်တရ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ***(အင်တာနက်)***



အရပ်အရှည်ဆုံး ဆယ်ကျော်သက်လူငယ်

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌ အသက် ၁၄နှစ်အရွယ် ဘာဒန်အဒမ်အမည်ရှိ လူငယ်လေးမှာ အရပ် ၇ပေနှင့် ၅လက်မရှိရာ ကမ္ဘာပေါ်ရှိ ဆယ်ကျော်သက်လူငယ်များတွင် အရပ်အရှည်ဆုံးအဖြစ် ဂင်းနက်စ် မှတ်တမ်းတင်ခြင်းခံရသည်။ ***(အပေါ်ပုံ)***

ဖွံ့ဖြိုးထွားကျိုင်း

အဒမ်မှာ မွေးကာစ၌ ပုံမှန်ကလေးတစ်ဦးအရွယ်အတိုင်း မွေးဖွားခဲ့သော်လည်း ဖွံ့ဖြိုးထွားကျိုင်းမှုမှာ အလွန်မြန်ဆန်ကြောင်း၊ လေးလသားအရွယ်တွင် သူ၏ငယ်သွားများစုံအောင်ထွက်ပြီး လေးနှစ်သားအရွယ်၌ သူ၏အရပ်မှာ ရှစ်နှစ်သားကလေးတစ်ဦး၏ အရပ်နီးပါးရှိနေပြီဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

23-1 (15).pmd 1 1/23/2010, 1:18 AM

ဓာတ်ပုံဝါသနာရှင်များအတွက် သတင်းကောင်း

၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်မှ ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၂၁ရက်အထိ နိုင်ငံခြားဧည့်သည် ဓာတ်ပုံပညာရှင်များနှင့်အတူ မြန်မာနိုင်ငံအတွင်း(ရန်ကုန်-ပြည်-ပုဂံ-မန္တလေး-အင်းလေး-ရန်ကုန်) ဒေသဝန်းကျင်မှ လှပသောရှုမျှော်ခင်းများကို လှည့်လည်ကြည့်ရှုခံစားရင်း ဓာတ်ပုံပညာများဖလှယ်နိုင်သော ခရီးစဉ်တစ်ခုကို ကျွန်မတို့၏ မီနမိခရီးသွားကုမ္ပဏီမှ စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

မိမိရိုက်ခဲ့သော ဓာတ်ပုံများထဲမှ အကောင်းဆုံးဓာတ်ပုံရွေးချယ်ခြင်းခံရသူအား ဆုငွေအဖြစ် ငွေကျပ် ၃၀၀၀၀၀တိတိကို ချီးမြှင့်မည်ဖြစ်ပါသည်။ ၄င်းခရီးစဉ်ကို စိတ်ပါဝင်စားသူ မည်သူမဆို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဆက်သွယ်ရန်-
မီနမိခရီးသွားကုမ္ပဏီလီမိတက်
အမှတ် ၁၂(အေ)၊ ဒုတိယထပ်၊ အနော်ရထာအိမ်ရာ၊ ပြည်လမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Tel : 526707, 514449, 09-51-72256
Email : minamitours@gmail.com
Website : www.minamitours.com

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃)၊ မြေကွက်အမှတ် ၄၂၁/ခ၊ မြေကွက်တည်နေရာ အမှတ် (၄၂၁/ခ)၊(၁၃)ရပ်ကွက်၊တောင်ဥက္ကလာပ၊ ဒေါ်မြင့်မြင့်သန်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်မြင့်မြင့်သန်း ကွယ်လွန်သဖြင့် ဦးသန်းထိုက်(ခ) ဦးသိန်းဝင်း၁၂/ဥကတ(နိုင်)၁၂၈၅၉၄က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
ရုံးအမှတ်(၃၂)၊ နေပြည်တော်
ရာထူးများအတွက်လျှောက်လွှာခေါ်ယူခြင်း

၁။ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနတွင် အောက်ဖော်ပြပါရာထူးများ လစ်လပ်လျက်ရှိနေပါ၍ သတ်မှတ်ထားသော အရည်အချင်းပြည့်မီသူများ လျှောက်ထားနိုင်ပါသည်။

စဉ်	ရာထူးအမည်	လစာနှုန်း	ခန့်ထားမည့်ဦးရေ
၁။	စစ်ဆေးရေးမှူး-၂	၃၉၀၀၀-၁၀၀၀-၄၄၀၀၀	၁၉
၂။	စီစစ်ရေးမှူး-၂	၃၉၀၀၀-၁၀၀၀-၄၄၀၀၀	၂
၃။	ကွန်ပျူတာလုပ်ဆောင်ရေးမှူး	၃၉၀၀၀-၁၀၀၀-၄၄၀၀၀	၄

၂။ လျှောက်ထားသူသည်
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) စစ်ဆေးရေးမှူး(၂)ရာထူးအတွက် အနိမ့်ဆုံး A.G.T.I (Mechanical, Electrical Power, Electronic) ရရှိထားသူများ၊ စီစစ်ရေးမှူး(၂)ရာထူးအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူများနှင့် ကွန်ပျူတာလုပ်ဆောင်ရေးမှူး ရာထူးအတွက် ကွန်ပျူတာတက္ကသိုလ်တစ်ခုခုမှ အနိမ့်ဆုံးဘွဲ့ (B.C.Sc, BC Tech, D.C.Sc) ရရှိသူများ လျှောက်ထားနိုင်ပါသည်။
(ဂ) ၁-၁၂-၂၀၀၉ရက်တွင် အသက် ၃၀ထက် မကြီးသူ၊ ဝန်ထမ်းဖြစ်ပါက အသက် ၃၅နှစ်ထက်မကြီးသူဖြစ်ရမည်။
(ဃ) ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၌ အနည်းဆုံး၎ါးနှစ်တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ လျှောက်လွှာပုံစံများကို ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ရုံးအမှတ်(၃၂)တွင် ၂၅-၁-၂၀၁၀ ရက်မှစတင်၍ ဝယ်ယူရရှိနိုင်ပြီး လျှောက်လွှာနှင့်အတူ-
(က) ဝင်ကြေးပေးသွင်းသည့်ချလန်မူရင်း
(ခ) ဘွဲ့လက်မှတ်မိတ္တူ
(ဂ) အမှတ်စာရင်းမိတ္တူ
(ဃ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ
(င) လူမှုရေးဆောင်ရွက်မှုအကျဉ်းချုပ်
(စ) ဝန်ထမ်းမဟုတ်သူများသည် ၁-၁၂-၂၀၀၉ ရက်နောက်ပိုင်းတွင် ရရှိထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း မြို့နယ်ရဲစခန်း၏ ထောက်ခံချက်မူရင်းတို့ ပူးတွဲပါရှိရမည်။

၄။ စာမေးပွဲဝင်ကြေးကျပ် ၂၀၀ကို (မြန်မာ့စီးပွားရေးဘဏ်နေပြည်တော် ငွေစာရင်းအမှတ် MD-000970)၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ဆောင်ရွက်ပေးမှုအတွက်ရငွေများ ငွေစာရင်းခေါင်းစဉ်ဖြင့် ပေးသွင်းရပါမည်။

၅။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ် ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ရုံးအမှတ်(၃၂)၊ နေပြည်တော်သို့လိပ်စာတပ်၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှမှတ်ပုံတင်၍သော်လည်းကောင်း ၁၅-၂-၂၀၁၀ရက် နောက်ဆုံးထားပြီး လျှောက်ထားရပါမည်။

၆။ လျှောက်ထားသူများသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။ စာမေးပွဲဝင်ကြေးငွေပေးသွင်းပြီးကြောင်း ချလန်ကိုပြသ၍ တစ်စောင်လျှင်ကျပ် ၁၀၀နှုန်းဖြင့် ဝန်ထမ်းများ နှစ်စောင်နှင့် ဝန်ထမ်းမဟုတ်သူများ တစ်စောင်ဝယ်ယူဖြည့်သွင်း လျှောက်ထားရပါမည်။

၇။ ဝန်ထမ်းဖြစ်ပါက အပိုဒ်(၃)ပါ အထောက်အထားများပါရှိသော လျှောက်လွှာကို သက်ဆိုင်ရာဌာနအကြီးအကဲမှတစ်ဆင့် ဤအဖွဲ့သို့ ၁၅-၂-၂၀၁၀ရက် နောက်ဆုံးထား၍ ပေးပို့ရန်နှင့် ကြိုတင်လျှောက်လွှာမိတ္တူတစ်စောင်ကို ဤအဖွဲ့သို့ တိုက်ရိုက်ကြိုတင်ပေးပို့ရန်ဖြစ်ပါသည်။

၈။ ရေးဖြေစာမေးပွဲကို နေပြည်တော်၌ ၂၄-၂-၂၀၁၀ရက်တွင် ဖြေဆိုရမည်ဖြစ်ပြီး ၂၂-၂-၂၀၁၀ရက်မှစ၍ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ရုံးအမှတ်(၃၂)၊ နေပြည်တော်တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးပါမည်။ ဖြေဆိုရမည့် ရေးဖြေစာမေးပွဲဘာသာရပ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။
(၁) အင်္ဂလိပ်စာ (၂) နာရီမေးခွန်း
(၂) ဘာသာရပ်ဆိုင်ရာဗဟုသုတနှင့် အထွေထွေဗဟုသုတ (၁) နာရီမေးခွန်း
(နှုတ်ဖြေစာမေးပွဲကို ၂၆-၂-၂၀၁၀ ရက်တွင် ဖြေဆိုရမည်ဖြစ်ပါသည်။)

၉။ လျှောက်လွှာတင်ရန်နှင့် စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဘွဲ့အောင်လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြား မူရင်းနှင့်မိတ္တူများ တစ်ပါတည်းယူဆောင်လာရမည်။

၁၀။ အသေးစိတ်အချက်အလက်များကို ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန စီမံရေးရာဌာနခွဲသို့ လူကိုယ်တိုင်ဖြစ်စေ၊ စကားပြောကြေးနန်းအမှတ် ၄၀၆၃၂၂၊ ၄၀၆၁၁၆ တို့သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် (၁၃)ကြိမ်မြောက် နှမ်းထမနဲထိုးပွဲနှင့် စတုဒိသာပွဲကျင်းပမည်

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် (၁၃)ကြိမ်မြောက် နှမ်းထမနဲထိုးပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၅ရက်၊ ၂၆ရက်၊ ၂၇ရက်များတွင် ကျင်းပမည်ဖြစ်သည်။ ၂၈-၁-၂၀၁၀ရက် (ကြာသပတေးနေ့) ညနေ ၃နာရီမှစ၍ ဧည့်သည်တော်များ၊ အလှူရှင်များ၊ ဘုရားဖူးလာ ဓမ္မမိတ်ဆွေများကို စတုဒိသာ ကျွေးမွေးလှူဒါန်းမည်ဖြစ်သည်။ နှမ်းထမနဲတစ်ဒယ်လျှင် အလှူငွေကျပ် ၁၂၀၀၀ နှုန်းဖြင့်လည်းကောင်း၊ တစ်နိုင်အလှူဖြင့်လည်းကောင်း ဂေါပကအဖွဲ့ရုံးဖုန်း-၂၉၀၄၂၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့။

ရောင်းတော့မည် အင်းစိန်(ဖော့ကန်-စဥ့်ငူ) အောက်မင်္ဂလာဒုံလမ်းမကြီးဘေး (ပေ၃၀×၈၅ပေ) (ဖော့ကန်ဈေးအနီး) အထောက်အထားများ ကြည့်နိုင်။ (ညှိနှိုင်းဈေး)။ **ဖုန်း-၂၉၅၆၈၉။**

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၅၂၉နေ မသန္တာဝင်းသည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်အား မိမိတစ်ဦးတည်းမူပိုင်အဖြစ်သုံးစွဲရန် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အမှတ် ၄/၉၇၀၅/၂၀၀၉ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

မှတ်ပုံတင်အမှတ် (၄/၉၇၀၅/၂၀၀၉) "ကိုက်စားမယ်"

"ကိုက်စားမယ်"

အထက်ပါ ကိုက်စားမယ် ကုန်အမှတ်တံဆိပ်ဖြင့် သက်သတ်လွတ်-ကြက်၊ အသားတုအမျိုးမျိုး၊ သက်သတ်လွတ်-ဝက် အသားတုအမျိုးမျိုး၊ သက်သတ်လွတ်-ဆိတ် အသားတုအမျိုးမျိုး၊ သက်သတ်လွတ်-ငါး အသားတုအမျိုးမျိုး၊ သက်သတ်လွတ်-ပုစွန် အသားတုအမျိုးမျိုး၊ ပဲမုန့်အမျိုးမျိုး၊ ခေါက်ဆွဲခြောက်အမျိုးမျိုး၊ ခေါက်ဆွဲထုပ် အမျိုးမျိုး၊ ကြာဆံခြောက်အမျိုးမျိုး၊ ကြာဆံထုပ်အမျိုးမျိုး၊ ဆန်၊ ဆီ၊ ဆား အရှယ်အစားအမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် အောက်ဖော်ပြပါ တံဆိပ်ကိုရိုက်နှိပ်လျက် ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ မှိုင်မြင်းတုပ၍ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား မပြုလုပ်ကြရန်နှင့် တုပ၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချကြောင်းတွေ့ရှိပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်လှလှခိုင် (LL.B)
အထက်တန်းရှေ့နေ
အမှတ် ၃၉၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၄၉၃၇၆၊ ၀၉-၅၁၄၉၇၆၃။

မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း Logo ပြိုင်ပွဲဝင်များအားဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း (Myanmar Rice Industry Association) တွင်အသုံးပြုမည့် အသင်း၏ Logo သတ်မှတ်ရန်အတွက် ပြိုင်ပွဲဝင်များသည် မိမိနှစ်သက်သလို အရေအတွက်ကန့်သတ်ချက်မရှိ ရေးဆွဲ၍ အသင်း၏ရုံးခန်းသို့ ပေးပို့နိုင်ပါသည်။

ပြိုင်ပွဲဝင် Logo တွင် ထည့်သွင်းရေးဆွဲရန် ပါဝင်ရမည့်အချက်များမှာ-

၁။ ဆန်စပါးလုပ်ငန်း၏ Supply Chain တစ်ခုလုံးတွင်ပါဝင်သော စိုက်ပျိုးထုတ်လုပ်၊ ကြိတ်ခွဲ၊ ရောင်းဝယ်မှုတွင် သမာသမတ်ကျသော သဘောပါရှိရမည်။
၂။ ဆန်စပါးလုပ်ငန်းနှင့်သက်ဆိုင်သော သင်္ကေတများပါရှိရမည်။
၃။ စိမ်းလန်းစိုပြည်သော ကမ္ဘာမြေနှင့် အစားအသောက်ဆိုင်ရာ လုံခြုံစိတ်ချမှုကို ရည်ရွယ်သော အစိမ်းရောင်နှင့် အဝါရောင် ပါရှိရမည်။
၄။ မြန်မာ့ဆန်စပါးလုပ်ငန်းကဏ္ဍကို ရည်ညွှန်းသော သဘောသဘာဝပါရှိရမည်။

- အသင်း၏ Logo အမှတ်တံဆိပ် ဒီဇိုင်းရွေးချယ်ခံရပါက ဆုကြေးငွေကျပ် ၃၀၀၀၀၀(ကျပ်သုံးသိန်း) ချီးမြှင့်မည်ဖြစ်ပါသည်။
- ပြိုင်ပွဲဝင်ပုံစံများကို Hard Copy, Soft Copy နှင့် Logo အား မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း UMFCCI Tower မင်းရဲကျော်စွာလမ်း၊ ရန်ကုန်မြို့ အသင်း၏ရုံးခန်းသို့ ဖေဖော်ဝါရီ ၆ရက် နောက်ဆုံးထား၍ ပေးပို့ရမည်။
- အသေးစိတ်သိလိုပါက မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း၏ရုံးခန်း ဖုန်း-၀၁-၂၁၄၃၄၄၊ ၂၁၄၃၄၅၊ ၂၁၄၃၄၆၊ ၂၁၄၃၄၇၊ ၂၁၄၃၄၈၊ ၂၁၄၃၄၉၊ Ext:၁၃၅၊ ၀၉-၈၆၂၂၈၈၇တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း။

သာသနာ့ဝိပုလသိမ်တော်ကြီး ရေစက်ချဖိတ်ကြားလွှာ

မွန်ပြည်နယ်၊ မုဒုံမြို့၊ မြို့မ(၁) သာသနာ့ဇေယျာကျောင်းတိုက်အတွင်း အများစုပေါင်း၍ တည်ဆောက်ထားအပ်သော(ဝိသုံဂါမ) သာသနာ့ဝိပုလသိမ်တော်ကြီးအား (၁၃၇၁ခုနှစ် တပို့တွဲလပြည့်နေ့) ၂၉-၁-၂၀၁၀ရက် (သောကြာနေ့)၌ ရေစက်ချအလှူတော်မင်္ဂလာ ပြုလုပ်မည်ဖြစ်ပါသောကြောင့် အတူတကွ ရေစက်သွန်းချသာဓုခေါ်ဆိုနိုင်ရန် ရပ်ဝေးရပ်နီးမှ သိမ်ဒါယကာ ဒါယိကာမများအား ဖိတ်ကြားအပ်ပါသည်။

သိမ်ဒါယကာ ဒါယိကာမများ
သာသနာ့ဇေယျာကျောင်း
မုဒုံမြို့ မွန်ပြည်နယ်
ဖုန်း-၀၅၇-၇၀၄၂၇။

အမည်ပြောင်း အဖ ဦးညီညီလွင်၏သား မော်လမြိုင်မြို့ အထက(၁၀) စတုတ္ထတန်း(A)မှ မောင်ထက်အောင်အား ယနေ့မှစ၍ မောင်ထက်ညီမင်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ထက်ညီမင်း။**

ဆုပေးအပ်ချီးမြှင့်

သာကေတမြို့နယ် အမက(၈)ကျောင်း၏ စုံညီပွဲတော်နှင့် ဆုပေးအပ်ချီးမြှင့်ပွဲကို ဇန်နဝါရီ ၇ရက်ကကျင်းပရာ ဒုတိယတန်းမှ မြန်မာစာထူးချွန်ဆုနှင့် ဘက်စုံဒုတိယဆုရ မစန္ဒာအေးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီမင်းက ဆုပေးအပ်ချီးမြှင့်စဉ်။
(ပညာရေး)

ပညာရည်ထူးချွန်ဆုရရှိသူများအား ပဲခူးတွင်ဂုဏ်ပြုချီးမြှင့်

ပဲခူး ဇန်နဝါရီ ၁၈

ပဲခူးမြို့ အမှတ်(၃)အထက (ယခင်အမျိုးသားတန်းမြင့်ကျောင်း)မှ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် နေပြည်တော်ပညာရေးစုံညီပွဲတော်ဆုပေးပွဲ၌ ထူးချွန်ဆုရရှိသူများ၊ အမျိုးသားပညာ မြှင့်တင်ရေးဖောင်ဒေးရှင်း၊ အေးပညာရေးမြှင့်တင်ရေး ဖောင်ဒေးရှင်းတို့မှ ပညာသင်ဆုရွေးချယ်ချီးမြှင့်ပွဲ၊ ဆုရရှိကြသော ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၅ရက် မွန်းလွဲ ၂နာရီက အထက(၃)ဝိုင်အမ်ဘီအေခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် မိဘဆရာအသင်းနာယက ဦးမြင့်ဦး(ကျောင်းအုပ်ဆရာကြီး-ငြိမ်း) **(ယာပုံ)**က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်နွယ်ဦးက ကျောင်းဂုဏ်ဆောင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများ၏ အောင်မြင်မှုများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ထူးချွန်ဆုရရှိကြသူများအား နာယကများ ဖြစ်ကြသော ဆရာကြီး ဦးထွန်းညွန့်(ငြိမ်း)၊ ကျောင်းအုပ်ဆရာကြီးများဖြစ်ကြသော ဦးမြင့်ဦး(ငြိမ်း)နှင့် ဦးကြင်သိန်း(ငြိမ်း)၊ နာယက ဗိုလ်မှူးသိန်းမြင့် (ငြိမ်း)တို့က ဆုများချီးမြှင့်ကြသည်။ ထို့နောက် မကွေးဆေးတက္ကသိုလ်သို့ တက်ရောက်ခွင့်ရရှိသော မောင်ဝေယံမျိုးလွင်အတွက် အေးပညာရေး မြှင့်တင်ရေး ဖောင်ဒေးရှင်း၏ ပညာသင်ဆုကို ဒေါက်တာထွန်းထွန်းကလည်းကောင်း၊ ပညာရေးတက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားခွင့်ရသော မယုယုလွင်အား အမျိုးသားပညာမြှင့်တင်ရေး ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဆရာကြီး ဦးကြင်သိန်း(ငြိမ်း)က လည်းကောင်း ဂုဏ်ပြုဆု ချီးမြှင့်သည်။ **(ဝ၆၀)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

■ ဆူပူအကြမ်းဖက်မှုကို မလိုလား။

■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-
ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။

✳ RFA, DVB - သွေးထိုးနေသည်။

✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✳ နားမယောင်လေနဲ့ သတိထား။

ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် မြိတ်မြို့သစ်အတွင်း အဆောက်အအုံနှင့် ဆိပ်ခံတံတားများ တည်ဆောက်မှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် ဇန်နဝါရီ ၂၀ရက် နံနက်ပိုင်းက တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မြိတ်မြို့ သမုတ်ကျေးရွာအနီး ထားဝယ်-မြိတ်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၏ သမုတ်-ဘုတ်ခြိလမ်းပိုင်း မီးရထားလမ်း ဖောက်လုပ်မှုလုပ်ငန်း၏ ရထားလမ်း မြေကြီးတာပေါင်ဖို့ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် တံတားတည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။ *စာမျက်နှာ ၁၁ ကော်လံ ၁* ●

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

တပ်မတော်ဟာ ပြည်သူတွေရဲ့ လုံခြုံမှုနဲ့ တည်ငြိမ်အေးချမ်းမှု ပျက်ပြားရတော့မယ့် အခြေအနေမျိုးရောက်လေတိုင်း နိုင်ငံနဲ့ ပြည်သူကို မှဲ့တစ်ပေါက်မသန်းရအောင် ကယ်တင်စောင့်ရှောက်ရင်း ရှေ့တန်းက မားမားမတ်မတ် ရပ်တည်ကာကွယ် စွမ်းဆောင်ပေးနိုင်ခဲ့တာကိုလည်း အသိအမှတ်ပြုရမှာသာ ဖြစ်ပါတယ်။

မောင်မှတ်၏ ဆောင်းပါး စာ-၈ နှင့် ၉

စည်ပင်ဖွံ့ဖြိုး အလှတိုးလာသော လားရှိုးမြို့

လားရှိုးမြို့လယ်ရှိ စည်းလုံးညီညွတ်ခြင်းသည်အင်အား ရုပ်တုက ကြွားကြွားဝင့်ဝင့်....။ ဓာတ်ပုံမှတ်တမ်း-မျိုးမင်းသိန်း (မရမ်းကုန်း)

နေပြည်တော် ဇန်နဝါရီ ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့သည် တည်ငြိမ်အေးချမ်းမှု၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာမှုနှင့် နယ်စပ် ဝင်ထွက်ပေါက်ဖြစ်လာမှုတို့ကြောင့် တစ်ဟုန်ထိုး တိုးတက်ပြောင်းလဲလာလျက်ရှိသည်။ *စာမျက်နှာ ၇ ကော်လံ ၁* ■

သတင်းခရီးသည် - မြင့်မောင်စိုး
ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း (မရမ်းကုန်း)
စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)